# အာဏာဖီဆန်ရေးလှုပ်ရှားမှု

မြန်မာ့နွေဦးတော်လှန်ရေး၏ အုတ်မြစ်တစ်ခု၊ စစ်အုပ်စု အာဏာသိမ်းရန်ကြိုးပမ်းမှု
ကျရှုံးရခြင်း၏ နောက်ကွယ်မှ အင်အားစု



၂၀၂၃ ခုနှစ် မေလ

**Copyleft 🄯 2023**

ဤအစီရင်ခံစာကို အောက်တွင် ဖော်ပြထားသည့် အဖွဲ့အစည်းများအပါအဝင် အရပ်ဘက်လူထုအဖွဲ့အစည်းပေါင်း ၁၉ ဖွဲ့ က ပူးတွဲထုတ်ဝေသည်။ ၎င်းအဖွဲ့အစည်းများအနက် လေးဖွဲ့မှာ အမည်ဖော်ပြထားခြင်း မရှိပါ။

၁။ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ
၂။ အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့
၃။ မြန်မာ့အမျိုးသမီးသမဂ္ဂ
၄။ အနာဂတ်သံလွင်
၅။ မျိုးဆက်လှိုင်း
၆။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၇။ ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ
၈။ ကရင်လူ့အခွင့်အရေးအဖွဲ့
၉။ ကရင်နီအမျိုးသမီးအစည်းအရုံး
၁၀။ ကယန်းအမျိုးသမီးအစည်းအရုံး
၁၁။ ပအိုဝ်းအမျိုးသမီးသမဂ္ဂ
၁၂။ ရှေ့ပြေးအသံအဖွဲ့
၁၃။ နယ်စပ်ဒေသရောက်တိုင်းရင်းသူအမျိုးသမီးများကယ်ဆယ်ရေးအဖွဲ့အစည်း
၁၄။ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (ရှမ်းပြည်နယ်)
၁၅။ တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေးအဖွဲ့

## ဆက်သွယ်ရန်လိပ်စာ

ရှေ့ပြေးအသံအဖွဲ့

http://www.progressivevoicemyanmar.org/
https://www.facebook.com/progressivevoice
@PVamplify
info@progressive-voice.org

# ကျေးဇူးတင်လွှာ

ပထမဦးဆုံးအနေဖြင့် ဤအစီရင်ခံစာ ထုတ်ဝေနိုင်ရန် ဘဏ္ဍာရေးအကူအညီကို ရက်ရောစွာ ပံ့ပိုးပေးခဲ့ကြသည့်အတွက် ကျေးဇူးအထူးတင်ရှိပါသည်။ ဤအစီရင်ခံစာအပေါ် ပြင်ဆင်ဖြည့်စွက်ချက်များ၊ သုံးသပ်ချက်များနှင့် တန်ဖိုးရှိလှသည့် ပံ့ပိုးကူညီမှုများကို ပေးအပ်ခဲ့ကြသောသူများကိုလည်း ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် ဆိုးရွားသောအခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်ကြားတွင်ပင် ၎င်းတို့၏ တန်ဖိုးရှိလှသည့် အချိန်များကိုပေးပြီး တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားပေးခဲ့ကြသည့် CDM တွင်ပါဝင်သူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို မိမိတို့မှ ရင်ထဲလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏အသံများကို သက်ဆိုင်သူများမှ ကြားသိနိုင်မည်ဟု မျှော်လင့်ပါသကဲ့သို့ ၎င်းတို့၏ သမိုင်းဝင်လှုပ်ရှားမှုသည်လည်း အောင်မြင်လိမ့်မည် မိမိတို့မှ ယုံကြည်ပါသည်။

# မာတိကာ


နိဒါန်း ..... 5

မြန်မာ့သမိုင်းတွင် နေရာယူသည့် CDM လှုပ်ရှားမှု ..... 7

ယခင်က တစ်ခါမျှမရှိခဲ့ဖူးသည့် CDM ၏အောင်မြင်မှု ..... 12

စိန်ခေါ်မှုများ ..... 16

လုံခြုံရေး ..... 16

COVID-19 ..... 21

ဘဏ္ဍာရေးဆိုင်ရာ ဖိအားများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ခြိမ်းခြောက်မှုများ ..... 22

CDM ၏ ဆင့်ကဲပြောင်းလဲမှု ..... 25

CDM တွင်ပါဝင်သူများအတွက် ခက်ခဲသောရွေးချယ်မှုများ ..... 31

CDM တွင်ပါဝင်သူများသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပံ့ပိုးကူညီပေးရမည့် HRD များဖြစ်ခြင်း ..... 34

နိဂုံး ..... 40

အကြံပြုတိုက်တွန်းချက်များ ..... 41

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူရှင်များသို့ ..... 41

ကုလသမဂ္ဂအေဂျင်စီများသို့ ..... 42

NUG၊ ERO များ၊ NUCC နှင့် ဒေသခံတိုင်းရင်းသားအုပ်ချုပ်ရေးနှင့်
ကိုယ်စားပြုအဖွဲ့အစည်းများသို့ ..... 42

# ၁ နိဒါန်း

အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု(Civil Disobedience Movement – CDM) သည် မြန်မာ့နွေဦးတော်လှန်ရေး၏ အဓိကမဏ္ဍိုင်များအနက်မှ တစ်ခုဖြစ်သည်။ CDM သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်တပ်မှ အာဏာလုယူရန် ကြိုးပမ်းခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် နွေဦးတော်လှန်ရေး၏ အစောပိုင်းနေ့ရက်များမှ ယနေ့အချိန်ထိ ဆင့်ကဲပြောင်းလဲလာနေသော အရပ်ဘက် ခုခံတော်လှန်ရေး လှုပ်ရှားမှုဖြစ်သကဲ့သို့ အာဏာလုယူမှု ကျရှုံးခဲ့ရသည့် အကြောင်းရင်းများအနက်မှ တစ်ခုလည်း ဖြစ်သည်။ ထိုလှုပ်ရှားမှု၏ အစောပိုင်းပုံစံများအရ CDM ကို စစ်အုပ်စုအတွက် တာဝန် မထမ်းဆောင်ပေးသည့်၊ စစ်အုပ်စု၏ မည်သည့်အမိန့်ကိုမျှ မနာခံတော့သည့် ကျန်းမာရေး၊ ပညာရေး၊ ဘဏ်ဝန်ထမ်းများ၊ မီးရထားလုပ်သားများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်သားများ၊ အင်ဂျင်နီယာများ၊ ရှေ့နေနှင့် တရားသူကြီးများ၊ ပြည်သူ့ဝန်ထမ်းများနှင့် လုံခြုံရေးကဏ္ဍမှ ဝန်ထမ်းများ အပါအဝင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အောက်ခြေအဆင့်မှ ထိပ်ပိုင်းအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများ၏ ကြီးမားသော လူထုသပိတ်တိုက်ပွဲများအဖြစ် အဓိပ္ပာယ်ဖွင့်နိုင်သည်။ ထို့နောက် CDM သည် ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများပါ လုပ်ငန်းခွင်မဝင်သော၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများကလည်း စစ်အုပ်စုနှင့် မပူးပေါင်းမဆောင်ရွက်သော၊ ဈေးဝယ်ယူသူများကလည်း စစ်တပ်နှင့်ဆက်နွှယ်သည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို သပိတ်မှောက်သော ပြည်လုံးကျွတ်လှုပ်ရှားမှု တစ်ရပ်အဖြစ် အလျင်အမြန် အသွင်ပြောင်းလဲလာခဲ့သည်။ CDM သည် ဂန္ဒီ၏ အကြမ်းမဖက် အဟိံသလမ်းစဉ်မှ ဂန္ထဝင်အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု တစ်ရပ် ဖြစ်သည်။ လုပ်အားများ ရုပ်သိမ်းရသည့် ရည်ရွယ်ချက်မှာ စစ်အုပ်စုအတွက် မည်သည့်တရားဝင်မှုကိုမျှ မပေးရန်နှင့် အုပ်ချုပ်၍ ရစေမည့် မည်သည့်အနေအထားကိုမျှ မပေးရန်ဖြစ်ပြီး ဤသည်မှာ မြန်မာပြည်သူများက စစ်အာဏာရှင်စနစ်ကို လုံးဝလက်မခံကြောင်း ခိုင်မာသည့် သတင်းစကားကိုလည်း ပေးနေခြင်းပင် ဖြစ်သည်။ စစ်အုပ်စုလက်အောက်၌ လုပ်ငန်းခွင်မဝင်ကြသော်လည်း CDM တွင်ပါဝင်သူများသည် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ (Ethnic Revolutionary Organizations – EROs) သို့မဟုတ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် မရှိမဖြစ် အခြေခံ ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးပေးနေကြဆဲ ဖြစ်သည်။ ထို့အပြင် CDM သည် ကျယ်ပြန့်သော နွေဦးတော်လှန်ရေးကဲ့သို့ပင် အနယ်နယ်အရပ်ရပ်မှ မတူကွဲပြားသည့် အလွှာအဆင့်ဆင့်မှ ပြည်သူများ၏ အားလုံးပါဝင်မှုဖြင့် စုဖွဲ့တည်ဆောက်ထားခြင်း ဖြစ်သည်။

CDM သည် ကနဦးတွင် စစ်အုပ်စု၏ လုပ်ရပ်အပေါ် တုံ့ပြန်ခြင်း သို့မဟုတ် တာဝန်မထမ်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်းတို့မှနေ၍ မြန်မာနိုင်ငံတွင် ယခင်က ရှိခဲ့ဖူးသည့် လူထုလှုပ်ရှားမှုများထက် ပို၍ခိုင်မာအားကောင်းပြီး မတူကွဲပြားသော ပါဝင်မှု ပိုမိုစုံလင်သည့် လူထုအင်အားမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တစ်ရပ် တည်ဆောက်ရေး လူထုလှုပ်ရှားမှုတစ်ရပ်အဖြစ်သို့ ဆင့်ကဲပြောင်းလဲလာသည်ကို ဤအစီရင်ခံစာက ဆွေးနွေးတင်ပြထားသည်။ CDM သည် စစ်အုပ်စုကို တုံ့ပြန်နေရုံ ခုခံတွန်းလှန်နေရုံသာမက နိုင်ငံအသစ်တစ်ခုကိုလည်း ဖန်တီးဖော်ဆောင်နေသည်။ ဤအစီရင်ခံစာတွင် CDM ၏ အဆိုပါ ဆင့်ကဲပြောင်းလဲလာမှုနှင့် CDM တွင်ပါဝင်သူများ အဓိကကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများနှင့် အန္တရာယ်အချို့ အထူးသဖြင့် လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဖိအားများနှင့်ဆိုင်သော ကိစ္စရပ်များကို မီးမောင်းထိုး တင်ပြထားသည်။ CDM တွင်ပါဝင်သူများသည် ကြီးမားသောဖိအားများနှင့် ရင်ဆိုင်နေရပြီး အချို့မှာ စစ်အုပ်စုထိန်းချုပ်မှုအောက်ရှိ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် လိုအပ်သည့် အနေအထားတွင် ရှိနေကြသည်ဟု ခံစားကြရသည်။ ၎င်းတို့သည် လွတ်လပ်သော ဒီမိုကရက်တစ် မြန်မာနိုင်ငံဖြစ်ပေါ်လာရေးအတွက် မယုံနိုင်ဖွယ် ၎င်းတို့၏ဘဝများနှင့် ၎င်းတို့သားသမီးများ၏ ဘဝများကိုပင် စတေးခဲ့ကြသူများ ဖြစ်သည်။ အချို့က မြန်မာနိုင်ငံအတွင်းရှိ လွတ်မြောက်နယ်မြေများတွင် ရောက်ရှိနေကြပြီး အချို့မှာ ပြည်တွင်း သို့မဟုတ် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ရလဒ်

ကို အခြေခံဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သော NUG နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) တို့အပြင် တိုင်းရင်းသားလူမျိုးစုအသိုင်းအဝိုင်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်း (Civil Society Organization – CSO) များ၊ ရန်ပုံငွေရှာဖွေပေးနေသော နာမည်ကျော်ကြားသူများနှင့် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာပြည်သူများမှ CDM များကို ကူညီပေးနိုင်ရေးအတွက် အားထုတ်မှုများ ရှိနေသော်လည်း လိုအပ်ချက်များမှာ ကြီးကြီးမားမား ရှိနေဆဲဖြစ်သည်။ ထို့အပြင် နွေဦးတော်လှန်ရေး၌ အခြားသောအစိတ်အပိုင်းများ တိတိပပပြောရလျှင် လက်နက်ကိုင်ခုခံတော်လှန်ရေးဆင်နွှဲသည့် အမျိုးမျိုးသော ပြည်သူ့ကာကွယ်ရေးတပ် (People Defence Force – PDF) များနှင့် NUG တို့ရှိနေသော်လည်း CDM သည် စစ်အုပ်စုမှ အုပ်ချုပ်ရေးအာဏာကို လည်ပတ်နိုင်စွမ်းမရှိစေရန် ဟန့်တားပေးနေသည့် အခရာကျသော အကြမ်းမဖက် လှုပ်ရှားမှုအစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေး၊ ဖက်ဒရယ်ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး တို့အတွက် လှုပ်ရှားမှုများကို ခိုင်မာအားကောင်းစေရန် လုပ်ဆောင်နေကြသည့် မြန်မာ့နွေဦးတော်လှန်ရေး၏ နိုင်ငံတကာ မဟာမိတ်များအနေဖြင့် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ (Human Rights Defender – HRD) များဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ CDM တွင်ပါဝင်သူများကို HRD များအဖြစ် အသိအမှတ်ပြုပြီး ကူညီထောက်ပံ့ပေးရန် ဤအစီရင်ခံစာက ဆွေးနွေးတင်ပြထားသည်။

ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်၏ အာဏာလုယူရေး ကြိုးပမ်းမှုကို တုံ့ပြန်ရာ၌ ဖြစ်ပေါ်လာသော CDM လှုပ်ရှားမှု စတင်ခဲ့ချိန်မှစ၍ ၂၀၂၂ ခုနှစ်ကုန်အထိ ထိုလှုပ်ရှားမှု၏ အခြေအနေများကို အကျဉ်းချုပ် သုံးသပ်တင်ပြရန် ဖြစ်ပါသည်။ ထို့အပြင် ယခုအစီရင်ခံစာတွင် CDM လှုပ်ရှားမှုသည် အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာရေးအသိုင်းအဝိုင်းများ၊ အခြားနည်းဖြင့် သန်စွမ်းသူများနှင့် LGBTIQ+ များ အပါအဝင် ပါဝင်မှုစုံလင်သည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် မည်သို့ပံ့ပိုးကူညီပေးပုံ အပါအဝင် တော်လှန်ရေးအတွက် မည်သို့သော အခရာကျသည့် မဏ္ဍိုင်တစ်ခုဖြစ်နေပုံကို လေ့လာတင်ပြရန်လည်း ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာအတွက် သုတေသနနည်းနာကို ရှေ့ပြေးလိုအပ်ချက် ဆန်းစစ်အကဲဖြတ်မှုအပေါ်တွင် အခြေခံ၍ စီစဉ်လုပ်ဆောင်ထားခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် သြဂုတ်လများတွင် HRD များ၊ CDM တွင်ပါဝင်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခဲ့သည်။ ဤအစီရင်ခံစာအတွက် သုတေသနအစိတ်အပိုင်းတစ်ခုအနေဖြင့် ပြီးခဲ့သောနှစ်နှစ်အတွင်း နွေဦးတော်လှန်ရေး ဖြစ်ပေါ်တိုးတက်လာသည့်အလျောက် CDM တွင်ပါဝင်သူများ၏ လက်ရှိအခြေအနေ၊ ၎င်းတို့၏ မျှော်လင့်ချက်နှင့် နွေဦးတော်လှန်ရေး၏ လတ်တလောလိုအပ်ချက်များကို ကောက်နုတ်မှတ်တမ်းတင်နိုင်ရန် အမျိုးသမီး ၁၃ ဦးနှင့် အမျိုးသား ၉ ဦး ပါဝင်သော CDM တွင်ပါဝင်သူများနှင့် HRD များအား တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု သို့မဟုတ် နှစ်ဦးပါဝင်သည့် တွေ့ဆုံမေးမြန်းမှု ၂၂ ခု ပြုလုပ်ခဲ့ပါသည်။ အဆိုပါ CDM တွင်ပါဝင်သူများသည် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပြည်သူ့ဝန်ဆောင်မှုဌာနများဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ မီးရထား၊ အထွေထွေအုပ်ချုပ်ရေး၊ နှင့် စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သော HRD များသည် နွေဦးတော်လှန်ရေး စတင်ချိန်ကတည်းက CDM တွင်ပါဝင်သူများကို ကူညီထောက်ပံ့ပေးနေသည့် ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ ချင်း၊ စစ်ကိုင်းနှင့် မကွေးစသော ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ CSO များ၏ အဖွဲ့ဝင်များ ဖြစ်ကြသည်။ တွေ့ဆုံမေးမြန်းမှုများမှ ရရှိလာသော အချက်အလက်များကို မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ NGO အစီရင်ခံစာများနှင့် သတင်းအရင်းအမြစ်များမှ တင်ပြထားသော အချက်အလက်များ အပါအဝင် ရှိနှင့်ပြီးသားအချက်အလက်များကို သုတေသနပြု၍ ရရှိလာသော အချက်အလက်များဖြင့် စုစည်း၍ ရေးသားထားခြင်း ဖြစ်သည်။[1]

1 ဝေါဟာရအသုံးအနှုန်းဆိုင်ရာ မှတ်ချက် – မြန်မာနိုင်ငံနှင့် ပြင်ပတွင် အသုံးများသော အသုံးအနှုန်းအရ CDM တွင်ပါဝင်သူများကို 'CDMers' ဟု ခေါ်ဝေါ်ကြသည့်အတွက် ယခုအစီရင်ခံစာတွင် ထိုအသုံးအနှုန်းကို မြန်မာဘာသာဖြင့် 'CDM တွင်ပါဝင်သူများ' ဟု ခေါ်ဆို အသုံးပြုသွားမည် ဖြစ်သည်။

## ၂ မြန်မာ့သမိုင်းတွင် နေရာယူသည့် CDM လှုပ်ရှားမှု

အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု (CDM) သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းသည့်နောက် ချက်ချင်းနီးပါးအကြာတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ရက်ပိုင်းအတွင်း ပြည်သူ့ဝန်ဆောင်မှုကဏ္ဍမှ သိန်းနှင့်ချီသော ပြည်သူ့ဝန်ထမ်းများက အများပြည်သူဆိုင်ရာ စီမံကွပ်ကဲရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် တာဝန်မထမ်းဆောင်တော့ခြင်းအားဖြင့် သပိတ်မှောက်ကာ ဝန်ထမ်းအများအပြားမှာ နိုင်ငံတစ်ဝန်းလမ်းမထက်ဆန္ဒပြပွဲများတွင် ပါဝင်လာကြသည်။ CDM နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အယူအဆပုံဖော်မှုများမှာ အနည်းငယ် ကွဲပြားကြသော်လည်း အဓိပ္ပာယ်ဖွင့်ဆိုမှုတိုင်း၏ အပြောင်းအလဲမရှိ တူညီသည့်အစိတ်အပိုင်းတစ်ခုမှာ လူထုနှင့် ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများ၏ သပိတ်တိုက်ပွဲများ၊ နှင့် နိုင်ငံ့ဝန်ထမ်းများက အဓိကကျသည် ဆိုသောအချက်ပင် ဖြစ်သည်။ ပြည်သူလူထုမှ သပိတ်တိုက်ပွဲများတွင် ပါဝင်ရခြင်း၏ ကနဦး အကြောင်းရင်းမှာ စစ်တပ်၏ အာဏာလုယူရေး ကြိုးပမ်းမှုကို ဆန့်ကျင်ငြင်းဆန်ရန်အဖြစ် ဆက်တိုက်ရှိနေခဲ့သည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုလုပ်ဆောင်ရာ၌ CDM တွင် မူလကတည်းက ပါဝင်လာခဲ့သည့် မြေယာအရေး တက်ကြွလှုပ်ရှားသူတစ်ဦးက "ဒီစနစ်က ကျနော်တို့ကလေးတွေရဲ့ အနာဂတ်ကိုရော ကျနော်တို့တွေရဲ့ အနာဂတ်ကိုပါ ဖျက်ဆီးပစ်မှာမို့ ဒါကို အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ကျနော်တို့ရဲ့ ပါဝင်မှုက သေးသေးလေးဖြစ်ပေမယ့် ကိုယ်လုပ်နိုင်တာကို လုပ်တာဖြစ်တယ်။ ဒါက စစ်အုပ်စုအတွက် အဟန့်အတားတစ်ခု ဖြစ်မယ်လို့ မျှော်လင့်တယ်။" ဟု ပြောသည်။[2]

အထွေထွေသပိတ်၏ ပထမဆုံးအပိုင်းကို ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများဖြင့် စတင်ခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မန္တလေးအထွေထွေဆေးရုံကြီးရှိ ဆရာဝန်များ၊ သူနာပြုများနှင့် အခြား ကျန်းမာရေးဝန်ထမ်းများက စစ်အာဏာရှင်အတွက် အလုပ်မလုပ်ဘဲ ငြင်းဆန်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။[3] CDM ဆိုသော စကားလုံးသည် လူမှုကွန်ရက်မီဒီယာပေါ်တွင် ပျံ့နှံ့သွားရာမှ ယင်းလှုပ်ရှားမှု အလျင်အမြန် အားကောင်းလာခဲ့သည်။ လေ့လာသုံးသပ်သူတစ်ဦး၏ ပြောဆိုချက်အရ "အာဏာသိမ်းပြီး နှစ်ရက်အကြာမှာ မြို့နယ်ပေါင်း ၅၀ က ပြည်သူ့ဆေးရုံနဲ့ ကျန်းမာရေးဌာန ၁၁၀ ကျော် CDM မှာ ပါဝင်လာကြပြီး" "ပထမတစ်လအတွင်း ခန့်မှန်းခြေ ကျန်းမာရေးဝန်ထမ်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းက CDM တွင် ပါဝင်ခဲ့ကြသည်။" ဟု ဆိုသည်။[4]

အခြားသောကဏ္ဍများလည်း အလျင်အမြန် ပူးပေါင်းပါဝင်လာခဲ့ရာ အထူးသဖြင့် ပညာရေးဌာနများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးဝန်ထမ်းများက သပိတ်တွင် ပါဝင်လာကြသည်။ CDM အရေအတွက် အမြင့်ဆုံးရောက်သောအချိန်တွင် ဆန္ဒပြမှု၌ ပါဝင်ခဲ့သော ဆရာ၊ ဆရာမများ၏ အရေအတွက်မှာ ၂၀၀,၀၀၀ မှ ၄၅၀,၀၀၀ အထိ ရှိမည်ဟု NUG က ဖော်ပြထားသည်။[5] စစ်အုပ်စုက ၎င်းမှ အာဏာလုယူရသည့်အကြောင်းရင်းမှာ 'မဲမသာမှု' ကြောင့် ဖြစ်သည်ဟု အကြောင်းပြခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ရွေးကောက်ပွဲကာလအတွင်း COVID–19 ကပ်

2 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

3 Walker, Tommy, 'How Myanmar's Civil Disobedience Movement is Pushing Back Against the Coup, *Voice of America,* 27 February 2021. Available at: https://www.voanews.com/a/east-asia-pacific_how-myanmars-civil-disobedience-movement-pushing-back-against-coup/6202637.html

4 Anonymous, 'The Centrality of the Civil Disobedience Movement (CDM) in Myanmar's Post-Coup Era,' Policy Briefing – SEARBO, Australian National University, *New Mandala,* p. 5. 19 October 2021. Available at: https://www.newmandala.org/the-centrality-of-the-civil-disobedience-movement-in-myanmars-post-coup-era/

5 'Dozens of teachers killed, hundreds arrested by Myanmar junta for joining strike.' *RFA Burmese.* 22 July 2022. Available at: https://www.rfa.org/english/news/myanmar/teachers-killed-07222022161430.html

ရောဂါ ရှိနေသည့်ကြားက ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မှန်မှန်ကန်ကန် ဖြစ်စေရေး သေချာစေရန် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမပေါင်းများစွာအတွက် ယင်းအကြောင်းပြချက်သည် ၎င်းတို့အား စော်ကားလိုက်ခြင်းပင် ဖြစ်သည်။ COVID–19 ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရသည့် တက္ကသိုလ်အများအပြားက “CDM တက္ကသိုလ်များ”အဖြစ် ကြေညာခဲ့ကြပြီး တက္ကသိုလ်များ ပြန်ဖွင့်ခိုင်းသည့် စစ်အုပ်စု၏အမိန့်ကို ဖီဆန်ခဲ့ကြသည်။[6] ကျောင်းသား၊ ကျောင်းသူများကလည်း ပူးပေါင်းပါဝင်ခဲ့ကြရာ ၂၀၂၁ ခုနှစ် ဇွန်လတွင် မူလတန်းနှင့် အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ခန့်မှန်းခြေ ၉၀ ရာခိုင်နှုန်းက ကျောင်းမအပ်နှံဘဲ နေခဲ့ကြသည်။[7]

သာသနာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လူမှုဖူလုံရေး၊ ပြန်ကြားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာတို့ အပါအဝင် အစိုးရဝန်ကြီးဌာနအများအပြားမှ ဝန်ထမ်းများသည် CDM တွင် ပါဝင်ခဲ့ကြသည်။[8] သဘော်ာဆိပ်နှင့် ဆိပ်ကမ်းဝန်ထမ်းများ အလုပ်မဆင်းတော့သကဲ့သို့ စစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ သတ္တုမိုင်းလုပ်သားများနှင့် စစ်လက်နက်ထုတ်လုပ်ရေးစက်ရုံများရှိ ဝန်ထမ်းများလည်း သပိတ်တွင် ပါဝင်လာခဲ့ကြသည်။[9] မီးရထားဝန်ထမ်း ၃၀,၀၀၀ အနက် ၉၀ ရာခိုင်နှုန်းမှာ အာဏာသိမ်းရန်ကြိုးပမ်းမှု တစ်ပတ်အတွင်းမှာပင် သပိတ်တွင် ပါဝင်ခဲ့ကြသည်။[10] သီတင်းပတ်အနည်းငယ်အတွင်း ခန့်မှန်းခြေအားဖြင့် ပြည်သူ့ဝန်ထမ်း ၄၀၀,၀၀၀ ကျော် CDM တွင် ပါဝင်ခဲ့ကြပြီး “နိုင်ငံ၏ ဗျူရိုကရေစီယန္တရားကို ထိထိရောက်ရောက် အထိနာစေခဲ့သည်။” ဟု ဖော်ပြထားသည်။[11] NUG က CDM တွင်ပါဝင်သူ ၄၁၇,၀၆၀ ဦး ရှိသည်ဟု ပို၍တိကျသည့်အရေအတွက်ကို ထုတ်ပြန်ခဲ့သည်။[12]

တပ်ကိုစွန့်ခွာလာသည့် စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ဖြစ်ရပ်များလည်း သိသာထင်ရှားသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင်ထုတ်ပြန်သော NUG ၏ အစီရင်ခံစာတွင် တပ်ကိုစွန့်ခွာသူ စစ်သား ၂,၀၀၀ ခန့် ရှိပြီဖြစ်ကြောင်း ဖော်ပြကာ တပ်ကိုစွန့်ခွာရန်အားပေးပြီး စွန့်ခွာခဲ့ပြီးသူများကို ထောက်ပံ့ကူညီပေးနေသည့် အဖွဲ့အစည်းများလည်း ဖွဲ့စည်းလာနိုင်ခဲ့သည်။[13] စစ်တပ်ကို စွန့်ခွာခဲ့သူများဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ရင်ခွင်အဖွဲ့၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ထုတ်ပြန်ထားချက်အရ တော်လှန်ရေးအဖွဲ့များ သို့မဟုတ် NUG ထံသို့ ဆက်သွယ်လာသူ ရဲအရာရှိ ၆,၀၀၀ ကျော် ရှိသည်ဟု ဖော်ပြထားသည်။[14] ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရဲတပ်သားအရေအတွက် ၇,၀၀၀ နှင့် စစ်သား ၃,၀၀၀ ကျော်

---

6 Anonymous. ‘The Centrality of the Civil Disobedience Movement (CDM) in Myanmar’s Post-Coup Era.’ Policy Briefing – SEARBO, Australian National University. *New Mandala.* p. 5. 19 October 2021. Available at: https://www.newmandala.org/the-centrality-of-the-civil-disobedience-movement-in-myanmars-post-coup-era/

7 *Ibid, p.5.*

8 Dreschler, Wolfgang. ‘New Development: Myanmar’s Civil Service – Responsible disobedience during the 2021 military coup.’ *Public Money and Management.* 2021. Available at: https://www.tandfonline.com/doi/full/10.1080/09540962.2021.1928948

9 Ko Maung and Stephen Campbell. ‘Dare to struggle, dare to win: Workers’ resistance since the coup. *Frontier Myanmar.* 18 February 2022. Available at: https://www.frontiermyanmar.net/en/dare-to-struggle-dare-to-win-workers-resistance-since-the-coup/

10 ‘Police, soldiers forcibly evict more than 1,000 rail workers and their families.’ *Frontier Myanmar.* 10 March 2021. Available at: https://www.frontiermyanmar.net/en/police-soldiers-forcibly-evict-more-than-1000-rail-workers-and-their-families/

11 ‘Effective Control in Myanmar.’ *Special Advisory Council for Myanmar.* p.17. September 5, 2022. Available at: https://specialadvisorycouncil.org/wp-content/uploads/2022/09/SAC-M-Briefing-Paper-Effective-Control-in-Myanmar-ENGLISH-1.pdf

12 ‘Myanmar’s Civil Disobedience Movement.’ *National Unity Government of Myanmar.* p.5. September 2021. Available at: https://www.burmalibrary.org/sites/burmalibrary.org/files/obl/2021-09-17-210916_CDM_Report_edited-signed.pdf

13 *Ibid.*

14 Nyein Swe and Min Min. ‘‘Over 8,000 soldiers and police officers have joined the Civil Disobedience Movement, says defector group.’ *Myanmar Now.* 1 December 2021. Available at: https://myanmar-now.org/en/news/over-8000-soldiers-and-police-officers-have-joined-the-civil-disobedience-movement-says

အပါအဝင် စုစုပေါင်းဦးရေ ၁၀,၀၀၀ ဝန်းကျင်ခန့်က စစ်တပ်နှင့်ရဲတပ်ဖွဲ့ကို စွန့်ခွာခဲ့ကြသည်။[15] ကရင်နီပြည်နယ်တွင် စစ်အုပ်စုအတွက် တာဝန်ဆက်လက်မထမ်းဆောင်ဘဲ CDM တွင်ပါဝင်လာသူ ရဲအရာရှိ ဦးရေ ၃၂၀ ဖြင့် ကရင်နီပြည်နယ် ရဲတပ်ဖွဲ့ (Karenni State Police Force) ကို ဖွဲ့စည်းခဲ့သည်။[16]

နိုင်ငံတကာတွင်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်များနှင့် အခြားဝန်ထမ်းများက CDM တွင် ကိုယ့်နည်းကိုယ်ဟန်ဖြင့် ပါဝင်လာခဲ့ကြသည်။ လူသိထင်ရှားကိစ္စရပ်တစ်ခုအနေဖြင့် ကုလသမဂ္ဂဆိုင်ရာ ကုလသမဂ္ဂ ဆိုင်ရာ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းသည် CDM တွင် ပါဝင်လာခဲ့ပြီး နယူးယော့ခ်မြို့ရှိ အထွေထွေညီလာခံ၌ ပြောကြားသည့်မိန့်ခွန်းတွင် အာဏာသိမ်းရန်ကြိုးပမ်းမှုကို လူသိရှင်ကြားရှုတ်ချခဲ့ပြီး အာဏာ လုယူရေး စီစဉ်သူများအပေါ် နိုင်ငံတကာမှ အရေးယူပေးရန် တိုက်တွန်းတောင်းဆိုခဲ့သည်။[17] သံအမတ်များနှင့် သံရုံး ဝန်ထမ်းများ၏ CDM တွင် ပါဝင်မှုကြောင့် ၂၀၂၁ ခုနှစ် မတ်လတွင် စစ်အုပ်စုက ကမ္ဘာတစ်ဝန်းရှိ သံရုံးများမှ ဝန်ထမ်း ၁၀၀ ကျော်ကို ပြန်ခေါ်ခဲ့သည်။[18]

NUG ၏ အဆိုအရ CDM လှုပ်ရှားမှုကို ပြည်သူ့ဝန်ထမ်းများ၏ သပိတ်မှောက်ဆန္ဒပြမှုအပြင် အခြားသော အစိတ်အပိုင်း နှစ်ခုဖြင့် ဖွဲ့စည်းထားသည်။[19] ယင်းအစိတ်အပိုင်းများအနက်တစ်ခုမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်များ၊ မြို့ကြီးများနှင့် ရွာများ၌ မို့မောက်ပြည့်လျှံခဲ့သည့် စစ်အုပ်စုကို ဆန့် ကျင်သော လူထုဆန္ဒပြပွဲများ ဖြစ်သည်။ ၎င်းသည် စစ်အုပ်စုမှ ကျည်ဆံအသုံးပြုပြီး ရက်စက်ကြမ်းကြုတ်စွာ အကြမ်းဖက် ဖြိုခွင်းမှုများ မကျူးလွန်မီက ဖြစ်ခဲ့ခြင်း ဖြစ်သည်။ အစောပိုင်းကာလ ရက်သတ္တပတ်များအတွင်း ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲ များတွင် တစ်စုံတရာ ဖြစ်လာနိုင်သည်ကို စိုးရိမ်ထိတ်လန့်ရသော်ငြား လမ်းမများပေါ်၌ ပျော်ရွှင်မှု၊ အရောင်အသွေးစုံလင် မှု၊ ထုတ်ဖော်ပြောဆိုမှုအမျိုးမျိုး တို့ဖြင့် ဝေဆာနေခဲ့သည်။ LGBTIQ+ အသိုင်းအဝိုင်းများ၊ ဘာသာရေးနှင့် တိုင်းရင်းသား လူနည်းစုများမှသည် ကိုယ်ကာယနည်းပြများ၊ လူသိများကျော်ကြားသူများ၊ အနုပညာရှင်များ၊ အားကစားသမားများ အထိ မြန်မာတစ်နိုင်ငံလုံးသည် မတူကွဲပြားမှုများကို ဘေးဖယ်ထား၍ စစ်အုပ်ချုပ်ရေးဖြစ်ပေါ်လာမည့် အလားအလာကို တစ်ညီတစ်ညွတ်တည်း ဆန့်ကျင်ခဲ့ကြသည်။ ၎င်းဆန္ဒပြပွဲများ၌ စစ်တပ်အရာရှိများ၏ မိသားစုဝင်များပင် ပါဝင်ခဲ့သည်။ အဆိုပါ ဆန္ဒပြပွဲများတွင် ကိုင်ဆောင်သည့် ဆိုင်းဘုတ်၊ ဆောင်ပုဒ်၊ ကြွေးကြော်သံများတွင် 'ရုံးမတက်နဲ့ ရုန်းထွက်' ကဲ့သို့သော အထွေထွေသပိတ်တွင် ပူးပေါင်းပါဝင်ရန် တိုက်တွန်းဆော်ဩမှုများ ပါဝင်သည်။[20] အာဏာသိမ်းရန်ကြိုးပမ်းသည့် အစော ပိုင်းသီတင်းပတ်များတွင် ပြည်သူများက ၎င်းတို့နေအိမ်မှ မကောင်းဆိုးဝါး နှင်ထုတ်သည့်သဘောဖြင့် အိုးခွက်များကို

15 'Junta Defections Drop Two Years After Military Coup.' *VOA News,* 30 January 2023. Available at: https://www.voanews.com/a/junta-defections-drop-two-years-after-myanmar-coup/6940032.html

16 'Anti-junta police force formed in Karenni State by striking police officials.' *Myanmar Now.* 26 August 2021. Available at: https://myanmar-now.org/en/news/anti-junta-police-force-formed-in-karenni-state-by-striking-police-officials

17 Sullivan, Becky. 'Myanmar Ambassador Fired After Extraordinary Rebuke of the Military Before the UN. *NPR.* 27 February 2021. Available at: https://www.npr.org/2021/02/27/972103648/myanmar-ambassador-fired-after-extraordinary-rebuke-of-the-military-before-the-u

18 'Myanmar Regime Recalls Over 100 Staff from Foreign Missions.' *The Irrawaddy.* 1 March 2021. Available at: https://www.irrawaddy.com/news/burma/myanmar-regime-recalls-100-staff-foreign-missions.html

19 'Myanmar's Civil Disobedience Movement.' *National Unity Government of Myanmar.* September 2021. p.5. Available at: https://www.burmalibrary.org/sites/burmalibrary.org/files/obl/2021-09-17-210916_CDM_Report_edited-signed.pdf

20 Anonymous. 'The Centrality of the Civil Disobedience Movement (CDM) in Myanmar's Post-Coup Era.' Policy Briefing – SEARBO, Australian National University. *New Mandala.* p.5. 19 October 2021. Available at: https://www.newmandala.org/the-centrality-of-the-civil-disobedience-movement-in-myanmars-post-coup-era/

ထုနှက်သည့် အသံကလည်း ည ၈ နာရီတိုင်း လမ်းများ၌ ပြည့်နှက်နေခဲ့သည်။[21] ထမီအလံအောက်မှ ဖြတ်လျှောက်လျှင် ဘုန်းနိမ့်သွားမည်ကိုစိုးပြီး စစ်သားများ မလျှောက်ရဲ ဖြစ်ခဲ့ရသည့် အမျိုးသမီးများ၏ ရိုးရာလုံချည်အဝတ်ကို လမ်းများ တစ်လျှောက် အလံအဖြစ် ချည်နှောင်လွှင့်ချီသော ထမီသပိတ်[22] ကဲ့သို့ ဆန်းသစ်တီထွင်သော ဆန္ဒပြပွဲများကိုလည်း စီစဉ်ခဲ့ကြသည်။ အခြားသော ဆန်းသစ်တီထွင်သည့် ဆန္ဒပြပွဲပုံစံများကိုလည်း အစေ့ပိုင်း တော်လှန်ရေးသီတင်းပတ်များတွင် စီစဉ်လုပ်ဆောင်ခဲ့သည်။

CDM အထွေထွေသပိတ်၏ အဓိကတော်လှန်ရေး နည်းဗျူဟာဖြစ်သော လုပ်ငန်းခွင်မဝင်ရေးပြီးနောက် နောက်ဆက်တွဲအဖြစ် စစ်အုပ်စုမှ ဘဏ္ဍာငွေရရှိနေမှုကို ဖြတ်တောက်ရန် ဖြစ်သည်။ မြန်မာစစ်အုပ်စုသည် အဓိက အားဖြင့် စစ်တပ်ကတည်ထောင်ထားပြီး စစ်တပ်က စီမံလည်ပတ်နေသည့် စီးပွားရေးစပ်တူလုပ်ငန်းကြီးနှစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (Myanmar Economic Corporation – MEC) နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanma Economic Holdings Limited – MEHL) တို့မှတစ်ဆင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ အဖျော်ယမကာ၊ မီဒီယာ၊ ဆောက်လုပ်ရေး၊ သတ္တုမိုင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အပါအဝင် အဓိကစီးပွားရေးကဏ္ဍကြီးများတွင် ဆယ်စုနှစ်ပေါင်းများစွာကတည်းကပင် ကြီးကြီးမားမား ပါဝင်လုပ်ဆောင်နေခဲ့သည်။[23] အဆိုပါကုမ္ပဏီများ၊ လူသိအများဆုံးအနေဖြင့် မြန်မာဘီယာကို သပိတ်မှောက်ခြင်းကြောင့် စစ်အုပ်စုအတွက် အမြတ်ငွေ သိသိသာသာ ဆုံးရှုံးနစ်နာစေခဲ့သကဲ့သို့ စစ်တပ်က စီမံရောင်းချနေသည့် ထီများကိုလည်း လူထုက သပိတ်မှောက်ထားကြသည်။[24] စစ်အုပ်စုက စီမံချုပ်ကိုင်ထားသည့် ဝန်ကြီးဌာနများကို မည်သည့်အမြတ်ခွန်မှ မပံ့ပိုးလိုသောကြောင့် လျှပ်စစ်မီတာခများလည်း မဆောင်ဘဲ နေခဲ့ကြသည်။

အများပြည်သူဆိုင်ရာကဏ္ဍမှ ဝန်ထမ်းများ၏သပိတ်နှင့် လူထုဆန္ဒပြပွဲများနှင့် သပိတ်မှောက်ခြင်းများ ပြီးလျှင် CDM ၏ တတိယမြောက်အစိတ်အပိုင်းမှာ ပုဂ္ဂလိကဆိုင်ရာကဏ္ဍပင် ဖြစ်သည်။ ရန်ကုန်စက်မှုဇုန်များမှ အထည်ချုပ်စက်ရုံ လုပ်သားများသည် ပထမဆုံးသပိတ်မှောက်သည့် အုပ်စုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ထိုအထည်ချုပ်လုပ်သား သပိတ်မှောက်သူများကို စုစည်းသူများမှာ ပြီးခဲ့သောနှစ်များအတွင်း လုပ်ငန်းခွင်အခြေအနေနှင့် လုပ်အားခပိုမိုကောင်းမွန်စွာရရှိရေးအတွက် စက်မှုဇုန်ဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည့် အလုပ်သမားသမဂ္ဂများဖြစ်ကြသည်။ အထည်ချုပ်လုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိက ကျသော နိုင်ငံခြားပို့ကုန်လုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး အများစုအမျိုးသမီးဖြစ်သော အလုပ်သမား ၆၀၀,၀၀၀ ဝန်းကျင်ခန့်ကို အလုပ်ခန့်အပ်ထားသည်။ အာဏာသိမ်းရန် ကြိုးပမ်းချိန်တွင် ၎င်းတို့၏ လုပ်ဆောင်မှုများနှင့် လမ်းမထက် ဆန္ဒပြပွဲများသည် ပိုမိုကြီးကျယ်သည့် ဆန္ဒပြပွဲများနှင့် ပြည်လုံးကျွတ်သပိတ်များ ဖြစ်လာစေသည်အထိ သက်ရောက်မှုရှိခဲ့သည်။[25] ပုဂ္ဂလိကဘဏ်လုပ်ငန်း ဝန်ထမ်းများလည်း သပိတ်တွင် ပါဝင်ခဲ့သည့်အတွက် ဘဏ်လုပ်ငန်းများ ပိတ်လုနီးပါးအထိ ဖြစ်ခဲ့သည်။ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ CDM တွင် ပါဝင်သောကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်နေ့အထိ ပုဂ္ဂလိကဘဏ် အားလုံးနီးပါး ပိတ်ခဲ့ရပြီး ပြည်

---

21 Lorcan Lovett. ‘The nights of pots and pans are back, on Myanmar’s fearful streets.’ *The Guardian.* 2 February 2021. Available at: https://www.theguardian.com/global-development/2021/feb/02/the-nights-of-pots-and-pans-are-back-on-myanmar-fearful-streets

22 Wah, Esther. ‘The revolution is ours.’ *Myanmar Now.* 7 June 2021. Available at: https://myanmar-now.org/en/news/the-revolution-is-ours

23 Jones, L. ‘The Political Economy of Myanmar’s Transition.’ Journal of Contemporary Asia. 44(1) pp.144-170. 2014.

24 Cracks in the Cartel: The Second Year of Justice for Myanmar.’ Justice for Myanmar. 28 April 2022. Available at: https://www.justiceformyanmar.org/press-releases/cracks-in-the-cartel-the-second-year-of-justice-for-myanmar

25 ‘Workers in Myanmar are Launching General Strikes to Resist the Military Coup.’ *Jacobin.* 9 March 2021. Available at: https://jacobin.com/2021/03/myanmar-burma-general-strike-coup/?fbclid=IwAR1d4hL73IiFLkId2XmCD1yLDYO0MlcLes28-zhjqWrp36PG-1_1A65ruo4

သူများ ဘဏ်မှ ငွေအစုလိုက်အပြုံလိုက် ထုတ်မည်ကိုစိုး၍ ATM စက်မှ တစ်နေ့လျှင် အများဆုံးထုတ်နိုင်သောငွေကို ၅၀၀,၀၀၀ ကျပ် (ဒေါ်လာ ၃၅၀) အထိ ကန့်သတ်လျှော့ချခဲ့သည်။[26] ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက စစ်အုပ်စုကို အခွန်ပေးဆောင်ရန် ငြင်းဆန်ပြီး အရောင်းဆိုင်၊ ဈေးဆိုင်များကလည်း စစ်တပ်ထုတ်ကုန်များကို တင်ရောင်းပေးရန် ငြင်းဆန်ခဲ့ကြသည်။[27]

CDM ၏ အဓိကလက္ခဏာများအနက်မှ တစ်ခုမှာ ဦးဆောင်သူ ကင်းမဲ့ခြင်းပင် ဖြစ်သည်။ ဆရာဝန်ဘဝမှ တက်ကြွလှုပ်ရှားသူ ဖြစ်လာသော စစ်အုပ်စုဆန့်ကျင်ရေး ဆန္ဒပြပွဲများ၏ ခေါင်းဆောင် ကိုတေဇာစန်း[28] ကဲ့သို့ နာမည်ကြီး ပုဂ္ဂိုလ်များ ပါဝင်သည့်တိုင် CDM သည် ဗဟိုက ထိန်းညှိထားသော ယန္တရား သို့မဟုတ် အထက်အောက်ဖွဲ့စည်းပုံ ပုံစံဖြင့် သွားသည့် လမ်းညွှန်ချက်မျိုးကို မှီခိုထားခြင်း မဟုတ်ပေ။ ရန်ကုန်မြို့ရှိ CDM ဆရာဝန်တစ်ဦးက *Voice of America* သတင်းဌာနကို “CDM လှုပ်ရှားမှုဟာ စုပေါင်းခေါင်းဆောင်မှုတစ်ခု ဖြစ်ပါတယ်။ ကျနော်တို့အားလုံးဟာ ခေါင်းဆောင်တွေဖြစ်သလို နောက်လိုက်တွေလည်း ဖြစ်ပါတယ်။” ဟု ပြောကြားခဲ့သည်။[29] CDM ၏ နောက်ထပ်လက္ခဏာတစ်ခုမှာ လူတန်းစားအလွှာစုံ ပါဝင်ခြင်း ဖြစ်သည်။ မြို့ပြအလုပ်သမား လူတန်းစား အထည်ချုပ်စက်ရုံလုပ်သားမှသည် ဆရာဝန်များ၊ ကျေးလက်ကျောင်းဆရာ၊ ဆရာမအထိ မြန်မာပြည်သူများ ထကြွပါဝင်ခဲ့ကြသည်။ ယခင်စစ်အုပ်ချုပ်ရေးကာလ ဆယ်စုနှစ်များတစ်လျှောက်သာမက ပြီးခဲ့သော ဆယ်နှစ်တာကာလအတွင်း စီးပွားရေးဖြေလျှော့မှုများမှ တစ်ဆင့် စစ်ဗိုလ်ချုပ်များနှင့် ၎င်းတို့၏ခရိုနီများ တဖြည်းဖြည်း စုဆောင်းရရှိခဲ့သည့် ရောမချမ်းသာကြွယ်ဝမှုကြီးက ပုံမှန်တွင် လူလတ်တန်းစား အသက်မွေးဝမ်းကျောင်းအဖြစ် သတ်မှတ်သည့် အလုပ်အကိုင်များပင်လျှင် ပို၍ ဘေးထုတ်ဖယ်ကြဉ်ခံရပြီး ဆင်းရဲနွမ်းပါးသော ဘဝရောက်အောင် တွန်းပို့ခဲ့သည်။ CDM တွင်ပါဝင်သည့် မီးရထားဌာနမှအရာရှိတစ်ဦးက “စနစ်ပြောင်းဖို့ လိုတယ်။ ကိုယ့်ဆုံးဖြတ်ချက်အတွက် နောင်တမရဘူး။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ဆက်ပြီးတိုက်ပွဲဝင်နေမှာဖြစ်တယ်။ ဘာလို့ ရှုံးနိုင်တယ်လို့ တွေးလဲဆိုတော့ နိုင်ငံရဲ့ချမ်းသာကြွယ်ဝမှု ၈၀ ရာခိုင်နှုန်းလောက်ကို စစ်အုပ်စု၊ စစ်အုပ်စုနဲ့ဆက်နွယ်နေတဲ့ ခရိုနီတွေက ထိန်းချုပ်ထားတာကြောင့်ဖြစ်တယ်။ ၂၀ ရာခိုင်နှုန်းကိုပဲ ပြည်သူလူထုက ပိုင်ဆိုင်တယ်။” ဟု ပြောသည်။[30]

---

26 ‘Myanmar central bank limits ATM transactions, account withdrawals.’ *The Irrawaddy.* 1 March 2021. Available at: https://www.irrawaddy.com/news/burma/myanmar-central-bank-limits-atm-transactions-account-withdrawals.html

27 *Ibid.*

28 Walker, Tommy. ‘Doctor – Activist Defiant Against Myanmar Military.’ *Voice of America.* 15 June 2021. Available at: https://www.voanews.com/a/east-asia-pacific_doctor-activist-defiant-against-myanmar-military/6207031.html

29 Walker, Tommy. ‘How Myanmar’s Civil Disobedience Movement is Pushing Back Against the Coup. *Voice of America. 27* February 2021. Available at: https://www.voanews.com/a/east-asia-pacific_how-myanmars-civil-disobedience-movement-pushing-back-against-coup/6202637.html

30 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ။

## ၃ ယခင်က တစ်ခါမျှမရှိခဲ့ဖူးသည့် CDM ၏အောင်မြင်မှု

CDM လှုပ်ရှားမှုသည် စစ်အုပ်စုကို ရပ်တန့်လုနီးပါးဖြစ်စေရန် အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပြီး နိုင်ငံကို ၎င်းတို့ အမှန်တကယ် ထိန်းချုပ်၍မရစေရန် ပြုလုပ်နိုင်ခဲ့သည်။ အာဏာလုယူရေး ကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံဒေသ အများအပြား၌ ကျန်းမာရေး၊ ပညာရေး၊ မီးရထား၊ ဘဏ်လုပ်ငန်းတို့နှင့် အခြားသောကဏ္ဍများသည် လနှင့်ချီ၍ လည်ပတ်သည် ဆိုရုံမျှသာဖြစ်ခဲ့ပြီး တချို့သောကဏ္ဍများသည် ယခုအချိန်တွင် တော်လှန်ရေး အင်အားစုများ၏ စီမံအုပ်ချုပ်မှုအသစ်များအောက်၌ လည်ပတ်နေပြီ ဖြစ်သည်။ ယင်းကဏ္ဍများက အာဏာလုယူရေးကြိုးပမ်းမှု နှစ်နှစ်ကျော်ကြာသည်အထိ ကြီးမားသော အဟန့်အတားများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သော NUG ၏ အစီရင်ခံစာထဲတွင် “CDM သည် ဘဏ်လုပ်ငန်းနှင့် ငွေကြေးစနစ်၊ ပြည်သူ့ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တို့ကဲ့သို့ အရေးကြီးသောကဏ္ဍများတွင် စစ်အုပ်စု၏ စွမ်းဆောင်နိုင်ရည်အပေါ် ကြီးမားသော ထိခိုက်မှုများ ရှိသည်။” ဟု ပါရှိသည်။[31] မှတ်ချက်ပေးသူတစ်ဦး ကလည်း “တိုင်းရင်းသားနယ်နိမိတ် အနှံ့အပြားမှာရှိတဲ့ ပြည်သူတွေ စည်းလုံးညီညွတ်စွာ လုပ်ဆောင်တဲ့ ဒီအကြမ်းမဖက်တဲ့ တော်လှန်ရေးဟာ အာဏာရှင်ရဲ့ထိုင်ခုံကို အကိုင်လှုပ်နိုင်ဆုံးပဲ။” ဟု ပြောဆိုထားသည်။[32] နှစ်နှစ်ကျော်ကြာမြင့်သည်အထိ CDM လှုပ်ရှားမှုသည် အခက်အခဲများ၊ အကြမ်းဖက်ခံရမှုများ၊ CDM တွင်ပါဝင်သူများ ထိခိုက်ခံစားခဲ့ကြရသည့် စတေးမှုများ ရှိလင့်ကစား တက်ကြွစွာဖြင့် ပြတ်ပြတ်သားသား ဆက်လက်ပါဝင်နေခြင်းကြောင့် စစ်အုပ်စု၏ အာဏာလုယူရေး ကြိုးပမ်းမှုကို ကျရှုံးစေခဲ့သည်။ ခုခံတော်လှန်မှု အအောင်မြင်ဆုံးအခြေအနေသို့ ရောက်ရှိသည့် အချို့ဒေသများတွင် အုပ်ချုပ်ရေးအဆောက်အအုံတစ်ခုလုံးကို CDM တွင်ပါဝင်သူများဖြင့် လည်ပတ်လုပ်ကိုင်နေလျက် ရှိသည်။ ချင်းပြည်နယ်တွင် ၂၀၂၂ ခုနှစ် မေလအထိ ခန့်မှန်းချက်အရ ပြည်နယ်၏နယ်မြေ ၇၀ ရာခိုင်နှုန်းဝန်းကျင်ကို[33] ခုခံတော်လှန်ရေးအင်အားစုများက ထိန်းချုပ်ထားပြီး ယင်းမှာ လက်နက်ကိုင်တော်လှန်ရေး တစ်ခုတည်းကြောင့်သာ မဟုတ်ဘဲ ပြည်သူ့ဝန်ထမ်း ၇၀ ရာခိုင်နှုန်းဝန်းကျင်က CDM တွင် ပါဝင်ပြီး စစ်အုပ်စု ထိန်းချုပ်ခွင့်မရစေရန် တားဆီးထားနိုင်ခြင်းကြောင့်လည်း ဖြစ်သည်။[34]

**ရက်စက်ကြမ်းကြုတ်မှုများဖြင့် အကြမ်းဖက်သော စစ်အုပ်စုကို အာဏာရယူခွင့်မပေးခဲ့သည့်** CDM ၏ အောင်မြင်မှုသည် နိုင်ငံတကာက ယုံကြည်လက်ခံမှုနှင့် အသိအမှတ်ပြုမှု ရရှိထားပြီး အော်စလိုတက္ကသိုလ်မှ ပညာရှင်ခြောက်ဦးကလည်း CDM ကို ၂၀၂၂ ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်ဆုအတွက် အမည်စာရင်းတင်သွင်းခဲ့သည်။ ထိုအမည်စာရင်းတင်သွင်းသည့် စာထဲတွင် ဤကဲ့သို့ “အရွယ်အစားကြီးမားသော ပြည်လုံးကျွတ်ပါဝင်သည့် အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုသည် လူမျိုး၊ ဘာသာ၊ မျိုးဆက်၊ လူတန်းစားနှင့် လိင်စိတ်ခံယူမှု ကွဲပြားမှုများအကြား ပေါ်ထွက်လာပုံ”

---

31 ‘Myanmar’s Civil Disobedience Movement.’ *National Unity Government of Myanmar.* September 2021. p.14 Available at: https://www.burmalibrary.org/sites/burmalibrary.org/files/obl/2021-09-17-210916_CDM_Report_edited-signed.pdf

32 Khine. ‘Non-violent resistance is shaking the dictator’s throne.’ *Frontier Myanmar.* 26 April 2021. Available at: https://www.frontiermyanmar.net/en/non-violent-resistance-is-shaking-the-dictators-throne/

33 ‘Around 70% of Western Myanmar’s Chin State controlled by resistance.’ *The Irrawaddy.* 8 September 2022. Available at: https://www.irrawaddy.com/in-person/interview/around-70-of-western-myanmars-chin-state-controlled-by-resistance.html

34 Ye Myo Hein. ‘One year on: The Momentum of Myanmar’s armed rebellion.’ *The Wilson Center* and *The Tagaung Institute.* May 2022. Available at: https://www.wilsoncenter.org/publication/one-year-momentum-myanmars-armed-rebellion

နှင့် CDM လှုပ်ရှားမှုသည် “စစ်အုပ်စု၏ သွေးခွဲအုပ်ချုပ်မှုဗျူဟာကို ဆန့်ကျင်ကာ ဖက်ဒရယ်ဒီမိုကရေစီအတွက် တစ်ညီတစ်ညွတ်တည်း ရပ်တည်မှုကို ဖော်ဆောင်ရန် ကြိုးစားကြပုံ” ကို ရေးသားဖော်ပြထားသည်။[35]

CDM နှင့် နွေဦးတော်လှန်ရေး၏ ပိုမိုကျယ်ပြန့်သော ဒုတိယသွင်ပြင်လက္ခဏာများဖြစ်သည့် **အားလုံးပါဝင်မှု၊ မတူကွဲပြားမှုနှင့် အလွှာပေါင်းစုံကဏ္ဍပေါင်းစုံပါဝင်မှု** ကို ၎င်း၏အောင်မြင်မှုအဖြစ် ရှုမြင်နိုင်သည်။ ဆန္ဒပြလူထုများနှင့် သပိတ်မှောက်အလုပ်သမားများအပေါ် ပံ့ပိုးထောက်ခံမှုနှင့် အကြမ်းမဖက် ခုခံတော်လှန်ရေး လုပ်ဆောင်မှုများကို မြန်မာနိုင်ငံ လူမှုအဝန်းအဝိုင်း၏ ကဏ္ဍအားလုံးက ဖော်ဆောင်ခဲ့ကြသည်။ အမျိုးသမီးများသည် CDM တွင် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်ခဲ့ကြသကဲ့သို့ပင် ယခုထိတိုင် ဆက်လက်ပါဝင်နေကြဆဲ ဖြစ်သည်။ အကြီးမားဆုံးနှင့် အရေးပါဆုံးသော သပိတ်မှောက်လုပ်သားများ၏ အခန်းကဏ္ဍဖြစ်သည့် အထည်ချုပ်လုပ်ငန်းနှင့် ပညာရေးနယ်ပယ်တို့တွင် ကြီးမားသော အမျိုးသမီးထုကြီးဖြင့် လွှမ်းမိုးထားသည်။ အမျိုးသမီးများသည် “စစ်အုပ်စုကို ဆန့်ကျင်သည့် အခြေခံလူထုလှုပ်ရှားမှုများကို ဦးဆောင်ခြင်း၊ ဆန္ဒပြပွဲများ၏ ရှေ့တန်းမျက်နှာစာတွင် ရပ်တည်ခြင်း၊ လူထုစည်းရုံးရေးများလုပ်ခြင်း၊ ရွာသားများနှင့် အိမ်နီးနားချင်း ပတ်ဝန်းကျင်ကို ပံ့ပိုးခြင်းနှင့် ကူညီစောင့်ရှောက်ခြင်းများ လုပ်ဆောင်နေကြောင်း” ကရင်တိုင်းရင်းသူတစ်ဦးဖြစ်သော အမျိုးသမီးတက်ကြွလှုပ်ရှားသူ အက်စတာဝါးက ပြောသည်။[36] သို့သော် အမျိုးသမီးများသည် CDM နှင့် ပိုမိုကျယ်ပြန့်သော နွေဦးတော်လှန်ရေးအတွင်း ရှေ့တန်းမျက်နှာစာမှ ပါဝင်ရုံသာမက စစ်တပ်က သွတ်သွင်းထားသည့် ဖိုကြီးစိုးမှုဝါဒ ယဉ်ကျေးမှုနှင့် လူမှုအဆောက်အအုံတို့ကို ပြောင်းလဲ... 

ရှိသည်။ ဆန္ဒပြပွဲများ၌ စုံလင်သောပါဝင်မှုကို ပေါ်လွင်စေသည့် “LGBTIQ+ များကို ယခင်က တစ်ခါမျှ မတွေ့ဖူးသည့် ပမာဏအထိ တွေ့မြင်ရမှုက LGBTIQ+ များအပေါ် CDM တွင်ပါဝင်သူများ၏ ထောက်ခံအားပေးမှု တိုးမြှင့်လာစေသည့် တစ်ပြိုင်တည်းတွင် စစ်အုပ်စု၏ ဖိနှိပ်ညှဉ်းဆဲမှုများကလည်း မြင့်တက်လာခဲ့သည်။”[37] သက်တံအလံများ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပွင့်လင်းစွာ ပြုပြင်ပြောင်းလဲ ဝတ်ဆင်နေထိုင်သူများ၏ ဆန္ဒပြပွဲများနှင့် ပိုမိုကျယ်ပြန့်သော ဆန္ဒပြပွဲများ၏ LGBTIQ+ များအပေါ် လက်ခံခြင်းတို့ကြောင့် LGBTIQ+ များ ရင်ဆိုင်ကြုံတွေ့နေရသည့် ဥပဒေဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများကို သတိထားအာရုံစိုက်လာစေသည်သာမက CDM ကိုလည်း အားကောင်းစေခဲ့သည်။ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနည်းကျ အဆောက်အအုံများနှင့် အုပ်ချုပ်မှုအပိုင်းတွင် အားလုံးအတွက် တန်းတူညီမျှမှုကို အာမခံပေးမည့် အခြေခံအုတ်မြစ်တစ်ခုကို သေချာစွာ ချပေးနိုင်ရန်အတွက် များစွာလုပ်ဆောင်ရဦးမည်ဖြစ်သော်လည်း ယခုကဲ့သို့ အားလုံးပါဝင်မှုသည် ရိုးရာအစဉ်အလာအရရော ယဉ်ကျေးမှုအရပါ ရှေးရိုးစွဲသည့် မြန်မာလူမှုအဖွဲ့အစည်းအတွက် ထိရောက်မှုရှိပြီး ကြီးမားသည့် အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းတစ်ရပ်ပင် ဖြစ်သည်။

CDM လှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေးတွင် **တိုင်းရင်းသားအချင်းချင်းကြား သွေးစည်းညီညွတ်မှုသည်** စစ်အုပ်စုကို ခြောက်လှန့်နေသည့် နောက်ထပ် ခုခံတော်လှန်မှု လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် လူမျိုးစုအရေးနှင့်ပတ်သက်၍ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ပဋိပက္ခများဖြင့် ပြည့်နှက်နေခဲ့ပြီး သွေးကွဲနေကြခြင်းမှာ ဗြိတိသျှကိုလိုနီနယ်ချဲ့စနစ်၏ အကြွင်းအကျန်များကြောင့်ဖြစ်သော်လည်း လွတ်လပ်ရေးရပြီးချိန်ကစ၍ မြန်မာစစ်တပ်မှ “နိုင်ငံတော်ကို ကာကွယ်သူ” ဟူသော နေရာကို ခိုင်မာသေချာစေရန် လုပ်ဆောင်ခဲ့မှုများကြောင့် အခြေအနေများ ပိုမိုဆိုးရွားလာခဲ့သည်။ သမိုင်းတစ်လျှောက် မြန်မာစစ်တပ်၏ တပ်သားများစုဆောင်းရာ အဓိကကျသော ဗမာတိုင်းရင်းသားအများစုနေထိုင်သော မြို့များနှင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ရှိ ဗမာများသည် အာဏာလုယူရေး ကြိုးပမ်း

35 ‘Letter to the Nobel Peace Prize Committee.’ *Norwegian Academics*. 22 March 2021.
Available at: https://progressivevoicemyanmar.org/wp-content/uploads/2021/03/Nobel.pdf

36 Wah, Esther. ‘The revolution is ours.’ *Myanmar Now.* 7 June 2021.
Available at: https://myanmar-now.org/en/news/the-revolution-is-ours

37 Smith, Noah. ‘Being Gay in a Coup: The Plight of Myanmar’s LGBTIQ Community.’ *Res Publica.* 29 July 2021.
Available at: https://respublicapolitics.com/articles/being-gay-in-a-coup-the-plight-of-myanmars-lgbtiq-community

ချိန်မှစ၍ လူနည်းစုတိုင်းရင်းသား လူမျိုးစုများ၏ ရှန်းကန်မှု၊ ဖိနှိပ်ညှဉ်းပန်းခံရမှုနှင့် မျှော်လင့်ချက်များကို နားလည်လာကြသည့်တစ်ချိန်တည်းတွင် ၎င်းတို့ကိုယ်တိုင်သည် စစ်တပ်ခေါင်းဆောင်များနှင့် ဗမာလူ့မလိုင်များ၏ ကြိုးကိုင်ခြယ်လှယ်ခြင်း ခံခဲ့ရသည်ကိုလည်း အမြင်မှန်ရလာခဲ့ကြသည်။ အခြားတစ်ဘက်ရှိ တခြားတိုင်းရင်းသားများက ယခု ဗမာတိုင်းရင်းသား မျိုးဆက်ထံမှ စစ်မှန်သော သွေးစည်းညီညွတ်မှုကို တွေ့မြင်ကြရသဖြင့် ဗမာလူမျိုးများကို မြန်မာစစ်တပ်၏ နိုင်ငံရေးပရိယာယ်အကွက်များထဲမှ ခွဲခြားသိမြင်ပြီး ယုံကြည်မှုကို တည်ဆောက်ခြင်း ဖြစ်သည်။ စစ်အုပ်စု မပါသော အနာဂတ်အတွက် လူမျိုးစုတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရန် လုံးဝဥဿုံလိုအပ်ရသည့် အကြောင်းရင်းကို ထိုအချက်က မီးမောင်းထိုးဖော်ပြနေသည်။ စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုနှင့် ပြည်သူလူထု၏ အသက်သွေးများကို ရင်း၍ အာဏာရယူလိုသည့် လောဘဇောတို့ကို ဗမာတိုင်းရင်းသားအပေါ်တွင်ဖြစ်စေ၊ တခြားမည်သည့်တိုင်းရင်းသား လူမျိုးစုများအပေါ်တွင်ဖြစ်စေ အရှင်းသားမြင်တွေ့နေရပြီ ဖြစ်သည်။ ထို့အပြင် စာနာမှု၊ သွေးစည်းညီညွတ်မှုနှင့် ချိတ်ဆက်မှုတို့ကို ပိုမိုတည်ဆောက်လာခဲ့ကြပြီးလည်း ဖြစ်သည်။ တိုင်းရင်းသား အရပ်ဘက်လူထုအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက ပြောပြသည်မှာ –

> *ဒီအဖြစ်အပျက်မတိုင်ခင်တုန်းက လူတွေက တိုင်းရင်းသားတွေရဲ့ ကြိုးစားရုန်းကန်မှုအကြောင်းကို နည်းနည်းပဲ သိကြတယ်။ အာဏာသိမ်းပြီးတဲ့နောက်မှာတော့ စစ်အုပ်စုက ဘယ်လောက် ကြမ်းကြုတ်လဲ ရက်စက်လဲဆိုတာကို သူတို့တွေ ကြုံတွေ့လာကြတယ်။ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး သူတို့ရဲ့ အမြင်တွေ၊ နားလည်မှုတွေ တော်တော်လေးပြောင်းလဲသွားတာ ကျနော်တို့ တွေ့ရတယ်။ ဒီမျိုးဆက်သစ်အပေါ်မှာ ကျနော်တို့ အများကြီး မျှော်လင့်တယ်။ သူတို့က အရင်မျိုးဆက်တွေနဲ့မတူဘူး။ သူတို့တွေက ပွင့်လင်းပြီး လွယ်လွယ်ကူကူနဲ့ အခြေအနေအရ လိုက်လျောညီထွေအောင် နေနိုင်ကြတယ်။ တိုင်းရင်းသားတွေအပေါ် ဖြစ်ခဲ့တာတွေနဲ့ ပတ်သက်ပြီးတောင် သူတို့က ပြန်တောင်းပန်သလို အွန်လိုင်းပေါ်မှာလည်း ထုတ်ပြောလာကြတာတွေ ရှိတယ်။*[38]

အစောပိုင်းဆန္ဒပြပွဲများတွင် ရိုဟင်ဂျာများကို ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုမှုများသည် အသိသာဆုံးသောအရာ ဖြစ်သည်။ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိလာစေရေးသေချာစေရန် လက်တွေ့ကျသော အဆင့်များစွာကို မလုပ်ဆောင်ရသေးသော်လည်း မြန်မာလူငယ်များစွာသည် ၂၀၁၇ ခုနှစ် ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုအတွင်း ၎င်းတို့ နှုတ်ဆိတ်နေခဲ့မှုနှင့် အလိုတူအလိုပါဖြစ်ခဲ့မှုအတွက် လမ်းများပေါ်၌ လူသိရှင်ကြား တောင်းပန်ပြီး ရိုဟင်ဂျာများအတွက် သွေးစည်းညီညွတ်သော ချီတက်ပွဲများတွင် ပါဝင်ခဲ့ကြသည်။ ယင်းကဲ့သို့သောလုပ်ရပ်များက အနာဂတ်မြန်မာနိုင်ငံ၏ အလားအလာကို ဖော်ပြနေပြီး ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများ၏ ပါဝင်မှုအတွက် ခိုင်မာသော ထောက်ခံမှုကိုလည်း ဖော်ညွှန်းနေသည်။

ဤမတူကွဲပြားမှုနှင့် အားလုံးပါဝင်မှုသည် မြန်မာစစ်တပ်၏ အမုန်းတရားပြန့်ပွားရေး အကြမ်းဖက် နိုင်ငံတော်တည်ဆောက်ရေး စီမံကိန်း၏အလွန်တွင် မိမိတို့အားလုံးသည် ဤနိုင်ငံနှင့် ဆက်နွှယ်နေသည်ဆိုသော ခံယူချက်စိတ်ဓာတ်နှင့် တစ်မျိုးသားလုံးနှင့်ဆိုင်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖော်ဆောင်ပေးသည်။ လှုပ်ရှားမှု သို့မဟုတ် ခုခံမှုတစ်ရပ်တွင် အားလုံးပါဝင်မှု ပိုမိုအားကောင်းလာလေ လူထုထောက်ခံ

38 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

မှု ပိုမိုရရှိလာပြီး အောင်မြင်မှုနှင့် ပိုမိုနီးစပ်လေဖြစ်သည့်အပြင် ငြိမ်းချမ်းပြီး ရေရှည်တည်တံ့သော အနာဂတ်အသစ်တစ်ခုကို တည်ဆောက်ရန် ဖြစ်နိုင်ခြေ ပို၍ရှိလေ ဖြစ်ကြောင်းကို လူထုတော်လှန်ရေးလှုပ်ရှားမှု ပညာရပ်ဆိုင်ရာ အကဲဖြတ်စာတမ်းများက ပြသနေကြောင်း နွေဦးတော်လှန်ရေးနှင့်ပတ်သက်သည့် အစောပိုင်း လေ့လာသုံးသပ်ချက်တစ်ခုတွင် Anna King က ရေးသားခဲ့ဖူးသည်။[39] အမှန်စင်စစ်တွင် အခြားတိုင်းရင်းသားများနှင့် လူနည်းစုဘာသာဝင်များကို ဆယ်စုနှစ်ပေါင်းများစွာ ဖယ်ထုတ်ထားသောကိစ္စကို ထည့်သွင်းမစဉ်းစားဘဲ မညီမျှမှုကို ပိုမိုနက်ရှိုင်းစေခဲ့သည့် စီးပွားရေးလမ်းစဉ်နောက်ကို လိုက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy – NLD) အစိုးရ၏ အထက်အောက်မှုအတိုင်း မြေပြင်တွင် ကျင့်သုံးမှု၊ ကြီးစဉ်ငယ်လိုက် အထက်အောက်ရှိသေရမှု၊ ဗမာကြီးစိုးရေးလွှမ်းမိုးသည့် ချဉ်းကပ်ကိုင်တွယ်မှုများကိုပင် CDM က ကျော်လွန်ခဲ့ပြီ ဖြစ်သည်။ အရပ်ဘက်လူထုအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးဖြစ်သည့် CDM တွင်ပါဝင်သူတစ်ဦးက “ကျနော်တို့က NLD အတွက် ဒါမှမဟုတ် ဒေါ်အောင်ဆန်းစုကြည်အတွက် တိုက်ပွဲဝင်နေတာ မဟုတ်ဘူး။ ဒီမိုကရေစီစံတန်ဖိုးတွေအတွက် တိုက်နေတာ။ လွတ်လပ်မှုအတွက် တိုက်နေတာ။” ဟု ပြောသည်။[40] CDM လှုပ်ရှားမှုအတွင်း စုံလင်သောပါဝင်မှု၊ တန်းတူညီမျှမှုတို့နှင့်ပတ်သက်၍ စိန်ခေါ်မှုများ ရှိနေသော်လည်း CDM နှင့် နွေဦးတော်လှန်ရေးတွင် အလွှာပေါင်းစုံကဏ္ဍပေါင်းစုံပါဝင်မှု၏ သွေးစည်းညီညွတ်မှုတစ်ရပ် ရှိနေပြီ ဖြစ်သည်။ ယင်းသွေးစည်းညီညွတ်မှုကို မြန်မာစစ်အုပ်စု၏ အကြမ်းဖက်မှု၊ လောဘနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ကို ဆန့်ကျင်ပြီး ဤအကြမ်းဖက်အဖွဲ့အစည်း၏ ဒေါက်တိုင်ဖြစ်သည့် အမျိုးသားရေး အစွန်းရောက်ဝါဒ၊ အမျိုးသမီးမုန်းတီးရေး ဖိနှိပ်မှုဝါဒနှင့် ကိုယ်နှင့်မတူကိုယ့်ရန်သူအဖြစ် ဖယ်ကြဉ်မှု အတွေးအခေါ် သဘောတရားတို့ကို ဖြိုဖျက်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခု တည်ဆောက်ရေး စိတ်ပိုင်းဖြတ်မှုဖြင့် စုစည်းညီညွတ်ခဲ့ခြင်း ဖြစ်သည်။[41] ရှေ့ဆက်မည့်အနာဂတ်တွင် နွေဦးတော်လှန်ရေး၌ ပါဝင်ခဲ့သည့် CDM ၏ သမိုင်းဝင်သောအခန်းကဏ္ဍကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် နိုင်ငံအဆင့်အသိအမှတ်ပြုမှု တည်ထောင်ပေးခြင်းအားဖြင့် မြန်မာပြည်သူများက ဂုဏ်ပြုဆင်နွှဲနိုင်မည်ဖြစ်ပြီး ကမ္ဘာ့သမိုင်းတွင်လည်း တွင်ကျန်စေမည် ဖြစ်သည်။

---

39 King, Anna, S. ‘Myanmar’s Coup d’état and the Struggle for Federal Democracy and Inclusive Government.’ *Religions*. June 2022. Available at: https://www.mdpi.com/2077-1444/13/7/594

40 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

41 ‘Pride and Prejudice.’ *Progressive Voice* (Weekly Highlights). 27 May 2022. Available at: https://progressivevoicemyanmar.org/2022/05/27/pride-and-prejudice/

# ၄ စိန်ခေါ်မှုများ

CDM သည် စစ်အုပ်စုကို အနိုင်ရရန်နှင့် နဂိုကရှိခဲ့သည့် အခြေအနေကို ပြန်လည်ရရှိရန် သက်သက်သာ မဟုတ်ဘဲ စစ်အုပ်စုကို အုပ်ချုပ်၍မရစေခြင်းအပြင် အားလုံးပါဝင်သည့် စုံလင်ကွဲပြားသော မြန်မာနိုင်ငံအသစ်ကို တည်ဆောက်ရန် အောင်မြင်မှုများ ရရှိနေသည့်တစ်ချိန်တည်းတွင် ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများသည်လည်း အချိန်တိုအတွင်း အများအပြား ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများထဲတွင် CDM တွင်ပါဝင်သူများကိုသာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ ပစ်မှတ်ထားလာသည့် စစ်အုပ်စု၏ အကြမ်းဖက်မှုများ၊ ၂၀၂၁ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများ အတွင်း ဆိုးရွားလှသော COVID–19 လှိုင်းလုံးကြီး၊ နှင့် ဒေသတွင်း အဆင်းရဲဆုံး နိုင်ငံတစ်ခုအတွင်း မည်သည့်အချိန်ပြီးဆုံးမည် မသိနိုင်သော သပိတ်တိုက်ပွဲကို ဆက်လက်ပါဝင်ရာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများ တို့ပါဝင်သည်။

## လုံခြုံရေး

ပထမဆုံးရင်ဆိုင်ရသော အရာတစ်ခုမှာ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှု ဖြစ်သည်။ စစ်အုပ်စုသည် CDM တွင်ပါဝင်သူများအပေါ် ကြောက်မက်ဖွယ်ရာ အကောင်းဆုံးသော အကြမ်းဖက်မှုများကို ကျူးလွန်ရာ၌ တစ်စက်ကလေးမျှပင် တွန့်ဆုတ်ခြင်း မရှိပေ။ စစ်အုပ်စုသည် အစောပိုင်းရက်များနှင့် သီတင်းပတ်များအတွင်းတွင် ဆန္ဒပြပွဲများနှင့် သပိတ်မှောက်မှုများအပေါ် အကြမ်းဖက်ခြင်းနှင့် အတင်းအကျပ်လုပ်ဆောင်ခြင်းများကို အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်ခဲ့သည့်ပုံရှိသော်လည်း ယင်းမှာ ၈၈၈၈ အရေးတော်ပုံ နှင့် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကဲ့သို့ ယခင်က အင်အားကောင်းခဲ့သော လူထုလှုပ်ရှားမှုများတွင်ပါဝင်သော ငြိမ်းချမ်းစွာဆန္ဒပြသူများကို ယနေ့စစ်တပ်ကပဲ အကြမ်းဖက်ခဲ့သည့် သွေးထွက်သံယို ဖြစ်စဉ်သမိုင်းကြောင်းရှိခဲ့မှုနှင့် တစ်နည်းအားဖြင့် ဆက်စပ်မှုရှိလိမ့်မည် ဖြစ်သည်။ CDM ပြည်သူ့ဝန်ထမ်းများကို သပိတ်တွင် မပါဝင်ပါက ရာထူးတိုးပေးခြင်းနှင့် အကျိုးခံစားခွင့်များ ပိုပေးခြင်း စသည့်မက်လုံးများပေးပြီး ဖျားယောင်းသိမ်းသွင်းသည့်နည်းလမ်းများကို စစ်အုပ်စုက ကျင့်သုံးခဲ့သည့်တစ်ချိန်တည်းတွင် သပိတ်၌ ပါဝင်သူများကို သတိပေးခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့သည်။[42] သို့သော် ၂၀၂၁ ခုနှစ် မတ်လအတွင်းမှာပင် လမ်းများပေါ် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ဖြိုခွင်းခြင်း သို့မဟုတ် CDM တွင်ပါဝင်သူများကို အကြမ်းဖက်ရာဖွေ ဖမ်းဆီးခြင်းများ စတင်လုပ်ဆောင်လာခဲ့သည်။[43] လူသိရှင်ကြား ဖြိုခွင်းမှုများကို ကောင်းစွာမှတ်တမ်းတင်ထားခဲ့ကြပြီး မြန်မာနိုင်ငံ၏ မြို့နယ်နှင့် မြို့ကြီးများရှိ လမ်းမများပေါ်တွင် ဆန္ဒပြသူများကို ကျည်ဆံအစစ်ဖြင့် ပစ်ခတ်မှုများက သီတင်းပတ်အနည်းငယ်ကြာထိ ဖြစ်ပွားနေခဲ့သည်။ ထို့နောက် ငြိမ်းချမ်းစွာဆန္ဒပြသူများကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ မြို့ပေါ်လူနေရပ်ကွက်များအတွင်း အဖျက်အမှောင့်များလုပ်ဆောင်ရန် ညွှန်ကြားချက်ဖြင့် ရာဇဝတ်အကျဉ်းသားများ ရာနှင့်ချီ၍ လွှတ်ပေးခြင်း၊ ရိုက်နှက်ခြင်း၊ ဆန္ဒပြသည့် လူနေရပ်ကွက်များအတွင်း လမ်းများကိုပိတ်ဆို့ခြင်း ဆန္ဒပြသူများကို အိမ်ပေါက်စေ့ အကြမ်းဖက်လိုက်လံ ရှာဖွေဖမ်းဆီးခြင်း တို့အားလုံး ဖြစ်ပွားခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် စက်ရုံနှင့် စက်မှုဇုန်များရှိရာ လှိုင်သာယာမြို့နယ်ရှိ အလုပ်သမားလူတန်းစားရပ်ကွက်တစ်ခုတွင် အဆိုးရွားဆုံးနေ့ရက် တစ်

42 Anonymous. 'The Centrality of the Civil Disobedience Movement (CDM) in Myanmar's Post-Coup Era.' Policy Briefing – SEARBO, Australian National University. *New Mandala.* p. 12. 19 October 2021. Available at: https://www.newmandala.org/the-centrality-of-the-civil-disobedience-movement-in-myanmars-post-coup-era/

43 'Myanmar: End Lethal Force Against Protesters,' *Human Rights Watch.* 3 March 2021. Available at: https://www.hrw.org/news/2021/03/04/myanmar-end-lethal-force-against-protesters

ရက် ဖြစ်ခဲ့သည်။ စစ်အုပ်စုတပ်သားများက လမ်းပိတ်သည့်အရံအတားများကို သုံး၍ ဆန္ဒပြသူများကို လူစုခွဲဖြိုခွင်းခဲ့ပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ထိုတစ်ရက်တည်းတွင် ခန့်မှန်းခြေ လူဦးရေ ၆၅ ဦး ကျဆုံးခဲ့သည်။[44] အလုပ်သမားရေးရာ လှုပ်ရှားမှုများနှင့် တော်လှန်ရေးအစောပိုင်းရက်များအတွင်း အခိုင်မာဆုံး ခုခံတော်လှန်ရာဒေသတချို့အနက်မှ တစ်ခုဖြစ်သည့် လှိုင်သာယာမြို့နယ်ရှိ ယင်းတိုက်ခိုက်ဖြိုခွင်းမှုသည် မြို့ပြဆန္ဒပြပြည်သူများ အဆိုးရွားဆုံး သေဆုံးခဲ့ရသည့် နေ့တစ်နေ့ ဖြစ်ခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများ ရိုက်နှက်ခံရသည့် ရုပ်ပုံများ၊ ကျောင်းဆရာမများ လိင်ပိုင်းဆိုင်ရာ စော်ကားခံရသည့် သတင်းမှတ်တမ်းများနှင့် ပြည်သူ့ဝန်ထမ်းများ ထောင်တွင်းနှိပ်စက်ခံရသည့် ဖြစ်ရပ်များက စစ်အုပ်စုသည် အကြမ်းဖက်မှုများကို တစ်စိုက်မတ်မတ် ခြွင်းချက်မရှိ အသုံးပြုနေပြီး ယင်းနည်းလမ်းဖြင့် CDM လှုပ်ရှားမှုကို ရပ်တန့်သွားစေရန် လုပ်ဆောင်နေကြောင်း ပေါ်လွင်နေသည်။[45] ထင်ရှားသော ဆိုးရွားလှသည့် ဖြစ်ရပ်တစ်ခုမှာ မကွေးတိုင်းဒေသကြီးရှိ CDM များ စီမံကွပ်ကဲသော ကျောင်းတစ်ကျောင်းတွင် စာသင်နေသူ CDM ကျောင်းဆရာတစ်ဦးကို စစ်အုပ်စုတပ်သားများက ခေါင်းဖြတ်သတ်ဖြတ်ခဲ့သည်။[46] ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ကပ်ရောဂါကာလအတွင်း ၎င်းတို့၏ တာဝန်များကို မျက်နှာလွှဲလိုသည့် ဆန္ဒမရှိဘဲ လူနာများနှင့် ဖျားနာနေသူများကို ဆက်လက်၍ တိတ်တဆိတ် ဆေးဝါးကုသပေးခဲ့ကြရာ စစ်အုပ်စုက ယင်းအချက်ကို လက်နက်သဖွယ် အသုံးချခဲ့သည်။[47] စစ်အုပ်စု၏တပ်သားများက ဆရာဝန်များကို ဖမ်းဆီးရန်အတွက် အရပ်သားများအဖြစ် ယောင်ဆောင်၍ လာရောက်ဆေးကုသပေးပါရန် ခေါ်ဆိုခဲ့သည့် ဖြစ်ရပ်များကလည်း ကောက်ကျစ်စဉ်းလဲပြီး ရက်စက်သည့် နည်းဗျူဟာများ ဖြစ်သည်။[48] အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများ၊ အပြစ်မဲ့ပြည်သူ အမြောက်အများကို သတ်ဖြတ်မှုများသည် အဆိုပါ သီတင်းပတ်များအတွင်း ဖြစ်ပွားခဲ့ပြီး လူသတ်မှု၊ အကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုများမှာ ပုံမှန်ဖြစ်ပွားနေဆဲ ဖြစ်သည်။[49] စစ်အုပ်စုက ၎င်းတို့ပစ်မှတ်ထားသည့် CDM တွင်ပါဝင်သူများကို မရှာနိုင်လျှင် ထိုသူများ၏ မိသားစုဝင်များကို ဓားစာခံအဖြစ် ဖမ်းဆီးလေ့ရှိသည်။[50] ယင်းလုပ်ရပ်များကြောင့် ပြောက်ကျားသပိတ်များ ရပ်တန့်မသွားသော်လည်း အစောပိုင်းကာလတွင် လူသိန်းနှင့်ချီ၍ ပါဝင်ခဲ့သည့် စစ်အုပ်စုကိုဆန့်ကျင်သော ဆန္ဒပြပွဲကြီးပုံစံများမှာမူ ပျောက်ကွယ်သွားခဲ့သည်။ တစ်ချိန်တည်းတွင် CDM များအပေါ် ရက်စက်မှုများမှာ ဆက်လက်ဖြစ်ပေါ်နေလျက်ရှိပြီး သာဓကတစ်ခုအနေဖြင့်ဆိုရလျှင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပဲခူးတိုင်းဒေသကြီး၌ PDF ရဲဘော်တစ်ဦး၏ဇနီးကို ကလေးမီးဖွားရန် ကူညီပေးခဲ့သည့် သူနာပြုဆရာမတစ်ဦးကို စစ်

---

44 ‘Myanmar: Protesters Targeted in March Massacre.’ *Human Rights Watch.* 2 December 2021. Available at: https://www.hrw.org/news/2021/12/02/myanmar-protesters-targeted-march-massacre

45 ‘Statement by Thomas H. Andrews, UN Special Rapporteur on the Situation of Human Rights in Myanmar, at the 48th session of the Human Rights Council.’ 22 September 2021. Available at: https://www.ohchr.org/en/statements/2021/09/statement-thomas-h-andrews-un-special-rapporteur-situation-human-rights-myanmar

46 ‘US condemns Myanmar junta force beheading of teacher.’ *BNI.* 24 October 2022. Available at: https://www.bnionline.net/en/news/us-condemns-myanmar-junta-force-beheading-cdm-teacher

47 Jonathan Head, ‘Myanmar Coup: The doctors and nurses defying the military.’ *BBC.* 7 January 2022. Available at: https://www.bbc.com/news/world-asia-59649006

48 ‘Myanmar Junta arrests doctors after luring them with fake COVID ‘emergency.’ *The Irrawaddy.* 20 July 2021. Available at: https://www.irrawaddy.com/news/burma/myanmar-junta-arrests-doctors-after-luring-them-with-fake-covid-emergency.html

49 ‘Statement by Thomas H. Andrews, UN Special Rapporteur on the Situation of Human Rights in Myanmar, at the 48th session of the Human Rights Council.’ 22 September 2021. Available at: https://www.ohchr.org/en/statements/2021/09/statement-thomas-h-andrews-un-special-rapporteur-situation-human-rights-myanmar

50 ‘No holds barred: Myanmar junta grabs family members to get at wanted protesters.’ *RFA.* 6 May 2021. Available at: https://www.rfa.org/english/news/myanmar/protest-hostages-05062021185121.html

အုပ်စုတပ်သားများက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီး မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သည်။ ခန္ဓာကိုယ်အစိတ်အပိုင်း မီးရှို့ခံထားရသော ထိုသူနာပြုဆရာမ၏ ရုပ်အလောင်းကို ရက်အနည်းငယ်အကြာတွင် တွေ့ရှိခဲ့သည်။[51]

သပိတ်တိုက်ပွဲဝင်နေသော ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်၍ စစ်အုပ်စု၏ ဝန်ကြီးဌာနများက ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်ဝင်ရမည့်ရက်ကို သတ်မှတ်ခဲ့ပြီး NLD ဦးဆောင်သော အစိုးရလက်ထက်တွင် COVID–19 ဆိုင်ရာ အကူအညီအနေဖြင့် အစိုးရက ကြိုတင်ထုတ်ပေးခဲ့သော လစာ နှစ်လစာကို ပြန်လည်ပေးအပ်ရန်လည်း အမိန့်ထုတ်ခဲ့သည်။[52] စစ်အုပ်စုသည် အကြမ်းဖက်မှုများကို လုပ်ဆောင်လာခဲ့သကဲ့သို့ပင် “CDM တွင်ပါဝင်သူများနှင့် CDM ထောက်ခံသူများကို ခြိမ်းခြောက်ရန် စစ်သားနှင့်ရဲများက လမ်းများပေါ်၌ အလောင်းများကို တရွတ်တိုက်ဆွဲယူခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့်ပုံများကို အွန်လိုင်းပေါ်တွင် တင်ခြင်းနှင့် သေဆုံးသူများ၏အလောင်းများကို မိသားစုထံပြန်မပို့မီ ရုပ်အလောင်းများကို ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်လုပ်ခြင်း” တို့ကို လုပ်ဆောင်ခဲ့သည်။[53] ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် CDM တွင်ပါဝင်သော ကျန်းမာရေးဝန်ထမ်းတစ်ဦးကို ဆေးရုံအုပ်ကြီးက လုပ်ငန်းခွင်ပြန်ဝင်ရန်အတွက် မကြာခဏ ဖုန်းခေါ်စည်းရုံးခဲ့ပြီး အလုပ်ပြန်မဝင်ပါက တရားစွဲဆိုမည်ဖြစ်ကြောင်းလည်း ခြိမ်းခြောက်ခဲ့သည်။[54]

အခြားသော အကျပ်ကိုင်သည့်ပုံစံတစ်ခုမှာ အတင်းအဓမ္မနှင်ထုတ်ခြင်းဖြစ်ပြီး ပြည်သူ့ဝန်ထမ်းနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍမှ လုပ်သားအများအပြားသည် အစိုးရဝန်ထမ်းအိမ်ရာများတွင် မှီခိုနေထိုင်ရသောကြောင့် ယင်းလုပ်ရပ်မှာ အတော်အတန် သက်ရောက်မှုရှိသည်ဟု ဆိုရမည်။ ၂၀၂၁ ခုနှစ် မတ်လတွင် စစ်အုပ်စုက မီးရထားဝန်ထမ်းများကို သေနတ်အားကိုးဖြင့် လုပ်ငန်းခွင်ပြန်ဝင်ရန် ဖိအားပေးခဲ့သော်လည်း မအောင်မြင်သဖြင့် တစ်ရက်အတွင်း ရန်ကုန်ရှိ တာမွေမြို့နယ်မှ မီးရထားဝန်ထမ်း ၁,၀၀၀ ကို နှင်ထုတ်ခဲ့သည်။ CDM တွင်ပါဝင်သူများကို ဖမ်းဆီးသည့် ဖြစ်ရပ်မှာလည်း အဖြစ်များပြီး[55] နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (Assistance Association for Political Prisoners – AAPP) ၏ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ် မကုန်ခင်အထိ အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့် ဆက်စပ်သည့် ဖမ်းဆီးမှုပေါင်း ၁၆,၀၀၀ ကျော် ရှိသည်ဟု မှတ်တမ်းတင်ထားသည်။[56] ထိုကိန်းဂဏန်းအတွင်း CDM တွင်ပါဝင်သူ အရေအတွက် မည်မျှပါသည်ကို အတိအကျ မသိနိုင်သော်လည်း ယင်းသို့တွက်ချက်ရန်မှာ CDM ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် မူတည်နေပြီး ထိုနိုင်ငံရေးအကျဉ်းသား ၁၆,၀၀၀ ကျော်အနက် လူအတော်များများမှာ CDM တွင် ပါဝင်မှုကြောင့် ဖမ်းဆီးခံရခြင်း ဖြစ်သည်။

---

51 “အုတ်ဖိုတွင် ဆေးကု ပြန်လာသည့် CDM သူနာပြု မမေဇွန်မိုးကို စစ်တပ်က မုဒိမ်းကျင့် သတ် ဖြတ်အလောင်းဖျောက်၊ သူနာပြုကို လိုက်ပို့သည့် PDF ၂ ဦးကိုမူ စစ်တပ်က ပစ်သတ်။” *Khit Thit Media.* 26 February 2023.
Available at: https://www.facebook.com/khitthitnews/photos/pcb.1736980556739283/1736979726739366

52 Anonymous. ‘The Centrality of the Civil Disobedience Movement (CDM) in Myanmar’s Post-Coup Era.’ Policy Briefing – SEARBO, Australian National University. *New Mandala*. 19 October 2021. Available at: https://www.newmandala.org/the-centrality-of-the-civil-disobedience-movement-in-myanmars-post-coup-era/

53 Anonymous. ‘The Centrality of the Civil Disobedience Movement (CDM) in Myanmar’s Post-Coup Era.’ Policy Briefing – SEARBO, Australian National University. *New Mandala.* p. 12. 19 October 2021. Available at: https://www.newmandala.org/the-centrality-of-the-civil-disobedience-movement-in-myanmars-post-coup-era/

54 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

55 ‘Police, soldiers forcibly evict more than 1,000 rail workers and their families.’ *Frontier Myanmar.* 10 March 2021. Available at: https://www.frontiermyanmar.net/en/police-soldiers-forcibly-evict-more-than-1000-rail-workers-and-their-families/

56 ‘Graphs of arrest and death data as of December 31, 2022 collected and compiled by the Assistance Association for Political Prisoners (AAPP) since the 1 February 2021 military coup’ *Assistance Association for Political Prisoners.* 2 January 2023. Available at: https://aappb.org/?p=23826

ပညာရေးဝန်ထမ်းများနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ CDM ဆရာ၊ ဆရာမ ဦးရေ ၂၀၀ ကျော် ဖမ်းဆီးခံရပြီး ၂၄ ဦးမှာ စစ်အုပ်စု၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့်ဖြစ်စေ၊ ညှဉ်းပန်းနှိပ်စက်မှုကြောင့်ဖြစ်စေ သတ်ဖြတ်ခံခဲ့ရသည်ဟု AAPP က မှတ်တမ်းတင်ထားသည်။[57] စစ်အုပ်စုသည် CDM နှင့် ပတ်သက်၍ အကြောက်တရားဖြစ်ပေါ်စေရန် ပေါ်ပေါ်တင်တင်ထုတ်ဖော်ပြောဆိုသူများကို ပစ်မှတ်ထားခြင်းနှင့် ပြည်တွင်းရှိ CDM တွင်ပါဝင်သူများထဲမှ နာမည်ကြီးသူများကို သာဓကအဖြစ် လုပ်ပြခြင်းတို့အားဖြင့် အခြားသောသူများကို သတင်းစကားပါးသည့်လုပ်ရပ်များ လုပ်ဆောင်သည်ဟု တွေ့ဆုံမေးမြန်းမှု ဖြေကြားသူများက ရှင်းပြလေ့ရှိသည်။ အထူးသဖြင့် လူထုက ပြည်သူ့ဝန်ထမ်းများ လုပ်ငန်းခွင်မှနုတ်ထွက်ရန် မှတ်ချက်ပေးပါက သို့မဟုတ် အားပေးလှုံ့ဆော်သည့် လုပ်ရပ်တစ်ခုခုတွင် ပါဝင်ပါက ပြစ်ဒဏ်ပေးရန်အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ထပ်တိုးပြင်ဆင်လိုက်သည့် ထောင်ဒဏ်သုံးနှစ်အထိ ကျခံရနိုင်သော ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ နှင့် ၅၀၅(က)ကို စစ်အုပ်စုက အသုံးချနေသည်။[58] ယင်းသည် CDM လှုပ်ရှားမှုကို တိုက်ရိုက် ထိုးနှက်တိုက်ခိုက်ခြင်းဖြစ်ပြီး မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်း တစ်ဖွဲ့ဖြစ်သည့် လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း မြန်မာ (Free Expression Myanmar – FEM) ၏ အစီရင်ခံစာအရ အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး ပထမ ၁၂ လအတွင်းတွင် လူပေါင်း ၄,၀၀၀ နီးပါးသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ သို့မဟုတ် ၅၀၅(က) တို့ဖြင့် တရားစွဲဆိုခံထားရကြောင်း ထုတ်ဖော်ပြထားသည်။[59] မကြာသေးမီ လများအတွင်း စစ်အုပ်စုသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ပြည်သူများကို တရားစွဲဆိုလာခဲ့ပြီး ထောင်ဒဏ် တစ်သက်တစ်ကျွန်း အပါအဝင် ပို၍ပြင်းထန်သည့် အပြစ်ဒဏ်များ ချမှတ်လာခဲ့သည်။[60]

ထို့ကြောင့် ပြည်သူအများအပြားသည် နေအိမ်မှစွန့်ခွာ၍ နယ်စပ်ကို ဖြတ်ကျော်ကာ ထိုင်း သို့မဟုတ် အိန္ဒိယနိုင်ငံသို့ မကြာခဏဆိုသလို ထွက်ပြေးတိမ်းရှောင်ရင်း ယင်းနိုင်ငံများတွင် တရားဝင် အထောက်အထားနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေကြရချိန်တွင် အခြားသူများမှာလည်း ရှောင်တိမ်းပုန်းခိုနေကြရသည်။ ၎င်းတို့သည် တစ်သီးလူပုဂ္ဂလများ၊ မိသားစုနှင့် ဆွေမျိုးများအပေါ် မှီခိုနေကြရသကဲ့သို့ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တပ်ကိုစွန့်ခွာလာသော စစ်သားနှင့် ရဲများကို ကူညီပေးနေသည့် ပြည်သူ့ရင်ခွင်ကဲ့သို့ CDM လှုပ်ရှားမှုကို ထောက်ပံ့ကူညီပေးရန် ဖွဲ့စည်းထားသော လူထုကွန်ရက်များကို မှီခိုကြရသည်။ သို့သော် ဤအထောက်အပံ့များသည် ကြီးမားသောလိုအပ်ချက်နှင့်ယှဉ်လျှင် ရင်းမြစ်နည်းပါးမှုကြောင့် အချိုးအစား ညီမျှမှုမရှိဘဲ ရေရှည်ရပ်တည်ရန် ခက်ခဲနေသည်။ ၎င်းတို့၏အထောက်အပံ့များ ရှိနေလျက်ပင် ခြိမ်းခြောက်မှုများစွာ ရှိနေပြီး ဘေးကင်းရာနေရာသို့သွားသည့် လမ်းခရီးမှာလည်း အန္တရာယ် များလှသည်။ တပ်ကိုစွန့်ခွာခဲ့သည့် ဗိုလ်ကြီးတစ်ဦးက ၎င်း၏အထက်အရာရှိများက ၎င်း၏မိသားစုနေအိမ်ကို လိုက်လံရှာဖွေခဲ့ကြပြီး ၎င်းကိုယ်တိုင်ကမူ ကားပေါ်တွင် အဖုံးပိတ်ထားသော ကွန်တိန်နာပုံးအတွင်း ပုန်းခိုရခြင်း အပါအဝင် ကား ၁၃ ဆင့်စီးပြီး လုံခြုံရာနေရာသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည့်အကြောင်းကို ပြန်ပြောင်းပြောပြသည်။[61] ဆန္ဒပြသူများ၏ မိသားစုဝင်များ နေထိုင်ရာအိမ်များကို ဖျက်ဆီးခြင်း သို့မဟုတ် ချိတ်ပိတ်ခြင်းများနှင့်အတူ မိသားစုဝင်များကို ဖမ်းဆီးပြီး ဓားစာခံအဖြစ် ခေါ်ဆောင်သည့် ဖြစ်ရပ်များကိုလည်း တွေ့ရလေ့ရှိသည်။ ဆန္ဒပြပွဲများတွင် ပါဝင်သူနောက်တစ်ဦးကလည်း ၎င်းကို စစ်အုပ်စုတပ်သားများက လိုက်လံရှာဖွေရာတွင် ၎င်းမိဘများ၏ နေအိမ်

57 'Dozens of teachers killed, hundreds arrested by Myanmar junta for joining strike.' *Radio Free Asia.* 22 July 2022. Available at: https://www.rfa.org/english/news/myanmar/teachers-killed-07222022161430.html

58 'Myanmar: Post-coup Legal Changes Erode Human Rights.' *International Commission of Jurists and Human Rights Watch.* 2 March 2021. Available at: https://www.hrw.org/news/2021/03/02/myanmar-post-coup-legal-changes-erode-human-rights

59 '505A: Acts of Revenge.' *Free Expression Myanmar.* 2022. Available at: https://freeexpressionmyanmar.org/wp-content/uploads/2022/01/505a-act-of-revenge-1.pdf

60 'Dozens of teachers killed, hundreds arrested by Myanmar junta for joining strike.' *Radio Free Asia.* 22 July 2022. Available at: https://www.rfa.org/english/news/myanmar/teachers-killed-07222022161430.html

61 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

ကို ဖျက်ဆီးခဲ့သည်။[62] ထို့အပြင် တောထဲသို့ ထွက်ပြေးတိမ်းရှောင်မှု မပြုမီ ၎င်းရှိရာနေရာကို စုံစမ်းနိုင်ရန်အတွက် ၎င်း၏သားဖြစ်သူ အိမ်မှာရှိနေသည့်အကြောင်းကို ဒလန်တစ်ဦးက စစ်အုပ်စုတပ်သားများကို သတင်းပေးခဲ့သည်။

အခြားသူများသည်လည်း တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ကာ မိတ်ဆွေနှင့် မိသားစုများ၏ နေအိမ်များ သို့မဟုတ် အရပ်ဘက်လူထုအဖွဲ့အစည်းများ စီစဉ်ပေးသော ခိုလှုံရာနေရာများတွင် ပုန်းအောင်းနေခဲ့ကြရသည်။ သို့ရာတွင် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အနည်းငယ်သော ဖြေလျော့မှုရှိသော်လည်း စစ်အုပ်စုမှ နှစ်ပေါင်းများစွာ ကျင့်သုံးနေခဲ့သော ညှော်သည်မှန်သမျှ ဒေသန္တရ အုပ်ချုပ်ရေးရုံးတွင် ညှော်စာရင်းတိုင်ရမည်ဆိုသော သတ်မှတ်ချက်ကို ပြန်လည်ကျင့်သုံးလာသည့်အတွက် တိမ်းရှောင်ပုန်းခိုရသူများအတွက် ခက်ခဲမှုများ ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်း၌ ပြုလုပ်ရန်စီစဉ်ထားသော မင်းအောင်လှိုင်၏ တရားမဝင်ရွေးကောက်ပွဲအတွက် စစ်အုပ်စုက မဲဆန္ဒရှင်စာရင်းကောက်ယူရန် ကြိုးစားနေသည့်အတွက် ညှော်စာရင်းကောက်သည့် အခြေအနေမှာ မကြာသေးမီလများအတွင်းတွင် ပိုမိုဆိုးရွားလာခဲ့သည်။[63] သို့သော် ဒေသန္တရအုပ်ချုပ်ရေးအရာရှိ အများအပြားသည် CDM ကို တိတ်တဆိတ်ထောက်ခံခြင်း သို့မဟုတ် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ပုန်းအောင်းနေသူများ အဖမ်းခံရမည့်ဘေးမှ လွတ်မြောက်စေရန် သတိမထားမိသကဲ့သို့ မသိချင်ယောင်ဆောင်ခြင်း သို့မဟုတ် သတိပေးခြင်းနှင့် အကူအညီပေးခြင်းတို့ ရှိနေသည်ကို အသိအမှတ်ပြုရန်မှာ အရေးကြီးသည်။ ၂၀၂၁ ခုနှစ် မတ်လကတည်းက ထွက်ပြေးတိမ်းရှောင်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုသူကျန်းမာရေးဝန်ထမ်းတစ်ဦးက “တစ်ခုခုဖြစ်တာနဲ့ အထုပ်တွေ ထုပ်ပိုးထားပြီး ပြေးနိုင်ဖို့အတွက် အသင့်ပြင်ထားရတယ်။ ကျမတို့ အဲ့လိုပုံစံနဲ့ နေကြရတယ်။” ဟု ပြောပြသည်။[64] တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုသူ CDM တွင်ပါဝင်သူများက ထွက်ပြေးခဲ့ရသည့် အကြောင်းနှင့် စစ်သားများက ၎င်းတို့မိဘများ၏ အိမ်၌ လာရောက်ရှာဖွေချိန်တွင် သား၊ သမီးများနှင့် အဆက်အသွယ် မရှိကြောင်း ပြန်လည်ဖြေကြားနိုင်ရန် ၎င်းတို့အား “သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ရန်” မိဘများကို မှာကြားခဲ့ရသည့်အကြောင်းများကိုလည်း ပြန်ပြောပြကြသည်။

ယင်းကဲ့သို့သော အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်သည် သိန်းနှင့်ချီသော ပြည်သူများ၏ စိတ်ကျန်းမာရေးအပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှု ရှိခဲ့ပြီး ဖြစ်သည်။ CDM တွင်ပါဝင်သူ အမျိုးသမီးတစ်ဦးက ပြောပြသည်မှာ –

> *လက်ရှိမှာ CDM တွေဟာ မေ့လျော့ခံ ဖြစ်နေတယ်။ ဒါပေမယ့် ဒီအပေါ် အများစုက စိတ်မပျက်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် CDM တချို့ကတော့ စိတ်ပိုင်းဆိုင်ရာမလုံခြုံမှု ခံစားနေရပြီး နေ့နေ့ညည အချိန်မရွေး အဖမ်းခံရနိုင်တာကို စိုးရိမ်ကြောက်ရွံ့နေကြရတယ်။ တချို့ကလည်း ကုသမှုခံယူနေရပြီး တချို့က စိတ်တည်ငြိမ်အောင် ဆေးတွေသောက်နေရတာလည်း ရှိတယ်။*[65]

---

62 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

63 Hein Htoo Zan. ‘Myanmar regime begins compiling voter lists for planned election.’ *The Irrawaddy.* 11 January 2023. Available at: https://www.irrawaddy.com/news/burma/myanmar-regime-begins-compiling-voter-lists-for-planned-election.html

64 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

65 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

## COVID–19

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများသည် COVID–19 မျိုးကွဲ Delta မွှေနှောက်သည့် ၂၀၂၁ ခုနှစ် နွေရာသီနှင့် မုတ်သုံရာသီလများအတွင်း ကျန်းမာရေးနှင့်ပတ်သက်သည့် စိုးရိမ်စရာများကို သိသိသာသာ ခံစားခဲ့ကြရသည်။ လုံးဝပြင်ဆင်မထားသော အခြေအနေနှင့် အထူးလိုအပ်နေသည့် အောက်ဆီဂျင်အိုးများကို စစ်အုပ်စုက လက်နက်သဖွယ် အသုံးချခြင်းတို့ကြောင့် သေဆုံးမှု အရေအတွက် မြင့်မားသော်လည်း အတိအကျ တွက်ချက်နိုင်ရန်မှာ မလွယ်ကူပေ။ COVID–19 ကြောင့် နေ့စဉ် လူထောင်ဂဏန်းမဟုတ်လျှင်ပင် ရာဂဏန်း သေဆုံးရသည့် အကျပ်အတည်းတစ်ခုဖြစ်ခဲ့ပြီး CDM တွင်ပါဝင်သူ ကျန်းမာရေးလုပ်သားများမှာ ရှေ့ဆုံးတွင် ပါဝင်ကူညီပေးခဲ့ကြသည်။ အရေအတွက်အတိအကျကို ရယူရန်ခက်ခဲပြီး တရားဝင်ထုတ်ပြန်သော အရေအတွက်မှာလည်း မြေပြင်ရှိအခြေအနေအမှန်ကို ထင်ဟပ်မှု မရှိပေ။ သို့သော် ရန်ကုန်ရှိ နာရေးကူညီမှု စီစဉ်ပေးသူများနှင့် အလုပ်သမားများ၏ ပြောကြားချက်အရ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် နေ့စဉ် လူ ၁,၀၀၀ အထိ သေဆုံးမှုရှိသည်ဟု ပြောပြကြသကဲ့သို့ အလောင်းများကို မီးမသင်္ဂြိုဟ်နိုင်သောကြောင့် သုသာန်များတွင် လူသေအလောင်းများ ပုံအောနေသည့် ဓာတ်ပုံများလည်း လူမှုမီဒီယာပေါ်တွင် ပျံ့နှံ့ခဲ့သည်။[66]

၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် စစ်အုပ်စုက အောက်ဆီဂျင်အိုးများကို ပုဂ္ဂလိက နေအိမ်များအတွက် အသုံးပြုခွင့်မပေးတော့ဘဲ စစ်တပ်ထိန်းချုပ်ထားသည့် ဆေးရုံ၊ ဆေးခန်းနှင့် သီးသန့်ခွဲနေဆောင်များမှတစ်ဆင့်သာ ယူရမည်ဟု အမိန့်ထုတ်ခဲ့သည်။[67] အောက်ဆီဂျင်အားလုံးကို လုပ်ပိုင်ခွင့်မရှိဘဲ ကိုယ်ကျိုးအတွက် မောင်ပိုင်စီးရန်၊ ရန်ကုန်တွင် အောက်ဆီဂျင်ရယူရန် တန်းစီနေသော လူနာများ၏မိသားစုဝင်များအပေါ် သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်း၊[68] သို့မဟုတ် ချင်းပြည်နယ်တွင် အောက်ဆီဂျင်သယ်ယူပို့ဆောင်ခွင့်ကို တားမြစ်ခြင်း[69]ကို စစ်အုပ်စုက တုံ့ပြန်လုပ်ဆောင်ခဲ့ခြင်းများသည် မြန်မာပြည်သူများကို ဝါးလုံးရှည်ဖြင့် သိမ်းကြုံးစုပေါင်းဒဏ်ခတ်ခြင်းဖြစ်သကဲ့သို့ စစ်အုပ်စု၏ ကျန်းမာရေးစောင့်ရှောက်မှု ဟူသည့် မျက်နှာဖုံးအောက်တွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို အလုပ်ပြန်လုပ်ရေး ဖိအားပေးရန် ကြိုးစားမှုတစ်ရပ်လည်း ဖြစ်သည်။

သို့ရာတွင် CDM ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက လူနာများအား ပစ်ပယ်ခဲ့ခြင်း မရှိခဲ့သည်ကို သိရှိထားရန် လိုအပ်သည်။ စစ်အုပ်စုကို ဖီဆန်သည့်အနေဖြင့် အလုပ်မဝင်ကြသော်လည်း လူနာများကို အိမ်၌ဖြစ်စေ၊ ပုဂ္ဂလိကဆေးရုံ၌ဖြစ်စေ၊ ပရဟိတဌာနများတွင်ဖြစ်စေ လျှို့ဝှက်စွာဖြင့် သီးသန့် ဆက်လက်၍ ဆေးကုသမှုများပေးကာ ၎င်းတို့လုပ်နိုင်သမျှ အကောင်းဆုံး လုပ်ဆောင်ခဲ့ကြသည်။ သာဓကတစ်ခုအနေဖြင့်ဆိုရလျှင် ဆရာဝန်များသည် ရှောင်လွှဲ၍မရနိုင်သည့် စစ်သားများ၏ ဝင်ရောက်စီးနင်းမှုအား ကြုံရနိုင်သည့် အနေအထားကို ကြိုတင်တွက်ဆမိသော်လည်း အရင်းအမြစ်များကို စုစည်းပြီး ဘုန်းကြီးကျောင်းတစ်ကျောင်း၌ လျှို့ဝှက်ဆေးခန်းတစ်ခု ဖွင့်ခဲ့ကြသည်။[70]

---

66 ‘Myanmar, in coup aftermath, faces exploding pandemic.’ *VOA.* 29 July 2021. Available at: https://www.voanews.com/a/covid-19-pandemic_myanmar-coup-aftermath-faces-exploding-pandemic/6208879.html

67 ‘Myanmar Suffering From Severe Shortage of Medical Oxygen as Covid-19 Cases Spike.’ *The Irrawaddy.* 12 July 2021. Available at: https://www.irrawaddy.com/news/burma/myanmar-suffering-from-severe-shortage-of-medical-oxygen-as-covid-19-cases-spike.html

68 ‘Soldiers Open Fire, Disperse Crowds Refilling Oxygen Tanks in Yangon.’ *Coconuts Yangon.* 13 July 2021. Available at: https://coconuts.co/yangon/news/soldiers-open-fire-disperse-crowds-refilling-oxygen-tanks-in-yangon/

69 ‘Transport of food, medicine restricted despite temporary ceasefire extension in Mindat.’ *Myanmar Now.* 10 July 2021. Available at: https://myanmar-now.org/en/news/transport-of-food-medicine-restricted-despite-temporary-ceasefire-extension-in-mindat

70 Kristen Gelineau and Victoria Milko. ‘In Myanmar, the military and police declare war on medics.’ *AP News.* 6 July 2021. Available at: https://apnews.com/article/only-on-ap-myanmar-business-science-coronavirus-pandemic-3b4c3e6d711b5eac1209a2c8fd90b2b4

လနှင့်ချီ၍ တိမ်းရှောင်နေရသည့် ဆရာဝန်တစ်ဦးက “စစ်အုပ်စုက ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးတစ်ခုလုံးကို စစ်ပွဲမှာသုံးတဲ့ လက်နက်တစ်ခုအဖြစ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသုံးနေတာ” ဟု *AP* သတင်းဌာနကို ပြောခဲ့သည်။[71] ထိုအချိန်တွင်ပင် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များမှာ လျှို့ဝှက်ဆေးခန်း ဖွင့်ထားခြင်းကြောင့် ဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စုသည် COVID–19 ကာကွယ်ဆေးထိုးနှံရေးကို ဦးဆောင်သူ ဒေါက်တာထားထားလင်းကိုလည်း CDM တွင် ပါဝင်ခြင်းကြောင့် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုကာ ဖမ်းဆီးထောင်ချခဲ့သည်။[72] ရာနှင့်ချီသော ဆရာဝန်နှင့် သူနာပြုများကိုလည်း CDM တွင် ပါဝင်ခြင်းပြစ်မှုဖြင့် ‘အလိုရှိစာရင်း’ ထဲတွင် ထည့်သွင်းပြီး ၎င်းတို့၏ ဓာတ်ပုံနှင့် နာမည်များကို ထုတ်ပြန်ခဲ့သည်။[73] ဤကာလအတွင်း CDM တွင်ပါဝင်သူ ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့မှာ မကြာခဏဖြစ်ပွားနေသည့်အချိန်ဖြစ်သဖြင့် ပြည်သူ့ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေဖြစ်လာကာ CDM လှုပ်ရှားမှုအပေါ်လည်း ဖိအားများတိုးလာခဲ့သည်။[74] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်းတွင် ကျန်းမာရေးဝန်ထမ်း ၂၈၄ ဦး ဖမ်းဆီးခံခဲ့ရပြီး ဆေးရုံများ ၁၁၃ ကြိမ်အထိ ဝင်ရောက်စီးနင်းခြင်းခံခဲ့ရကာ ကျန်းမာရေးဝန်ထမ်း ၃၁ ဦးအထိ သတ်ဖြတ်ခံခဲ့ရကြောင်း Insecurity Insight၊ Physicians for Human Rights နှင့် Johns Hopkins Bloomberg School of Public Health ၏ Center for Public Health and Human Rights တို့ ပူးပေါင်းလုပ်ဆောင်သည့် သုတေသနတွေ့ရှိချက်က ဖော်ပြထားသည်။[75] ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဆယ်စုနှစ်ပေါင်းများစွာ လျစ်လျူရှုခံခဲ့ရသည့် ဆင်းရဲမွဲတေပြီးသား နိုင်ငံတစ်ခုတွင် ကပ်ရောဂါကို စစ်အုပ်စုက လက်နက်အဖြစ် အသုံးချလိုက်သည့် ရလဒ်က မြန်မာပြည်သူများကို မခံမရပ်နိုင်သည့်အခြေအနေသို့ ဆိုက်ရောက်စေခဲ့သည်။

## ဘဏ္ဍာရေးဆိုင်ရာ ဖိအားများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ခြိမ်းခြောက်မှုများ

အဆုံးစွန်သော အကြမ်းဖက်မှု၏ ခြိမ်းခြောက်မှုနှင့် လက်တွေ့ဖြစ်ပွားနေမှုအပြင် COVID–19 အကျပ်အတည်း၏ စိန်ခေါ်မှုများက ဝင်ငွေ၊ အိမ်ရာနှင့် အခြားသော အကျိုးခံစားခွင့်များ ဆုံးရှုံးမှုကြောင့်ဖြစ်လာသည့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများနှင့် ပေါင်းစပ်သွားခဲ့ပြီး CDM များအတွက် ဘူးလေးရာ ဖရုံဆင့်ခဲ့သည်။ ထို့အပြင် အလုပ်နှင့်ဘဝ တစ်စုံလုံးကို အများပြည်သူဆိုင်ရာ ကဏ္ဍတွင်သာ ကုန်ဆုံးခဲ့သော ပြည်သူ့ဝန်ထမ်းများအဖို့ သပိတ်တွင်ပါဝင်ခြင်းသည် ၎င်းတို့၏ အလုပ်အကိုင်နှင့် ဝင်ငွေများကိုသာမကဘဲ နှစ်ပေါင်းများစွာ အလုပ်လုပ်ပြီးမှရနိုင်သည့် ပင်စင်လစာနှင့် အိမ်ရာစသည့် အရာများအားလုံးကိုလည်း လက်လွှတ်ဆုံးရှုံးလိုက်ရခြင်း ဖြစ်သည်။ အိမ်ထောင်စုတစ်စု၌ CDM တွင်ပါဝင်သူ မိသားစုဝင် တစ်ဦးထက်ပိုပါက ထိုထက်ပင် ပို၍အခြေအနေဆိုးမည် ဖြစ်သည်။ အကယ်၍ မိသားစုတွင် အဓိကဝင်ငွေရှာပေးနေသူနှစ်ဦးက CDM တွင် ပါဝင်လိုက်ခြင်းကြောင့် ဝင်ငွေမရှိတော့လျှင် မိသားစုကို ထောက်ပံ့ရန်အတွက် ပုဂ္ဂလိကကဏ္ဍမှ အခြားအခြားသော ဝင်ငွေရနိုင်သည့် လမ်းလည်း မရှိကြပေ။ ပြည်သူများ၏ အထွေထွေအသုံးစားရိတ်မှာ COVID–19 ကပ်ဘေးနှင့် စစ်အုပ်စုက ဖျက်ဆီးလိုက်သည့် စီးပွားရေးကြောင့် ဆိုးရွားနေပြီးသားဖြစ်ရာ ယင်းက ပြည်သူများ ရုန်းကန်နေရသည့်အခြေအနေကို ဖော်ပြနေသည်။ ဤစီးပွားရေးအခက်အခဲမှ မိသားစုဝင်များ၏ ကျန်းမာရေး

---

71 *Ibid*.

72 ‘Former head of COVID-19 vaccine rollout charged with high treason.’ *Myanmar Now.* 16 June 2021. Available at: https://myanmar-now.org/en/news/former-head-of-covid-19-vaccine-rollout-charged-with-high-treason

73 Gelineau, Kristen & Milko, Victoria ‘In Myanmar, the military and police declare war on medics.’ *AP News.* 6 July 2021. Available at: https://apnews.com/article/only-on-ap-myanmar-business-science-coronavirus-pandemic-3b4c3e6d711b5eac1209a2c8fd90b2b4

74 ‘Myanmar, in Coup Aftermath, Faces Exploding Pandemic.’ *Voice of America.* 29 July 2021. Available at: https://www.voanews.com/a/covid-19-pandemic_myanmar-coup-aftermath-faces-exploding-pandemic/6208879.html

75 ‘Violence against or obstruction of health care in Myanmar.’ *Physicians for Human Rights.* 23 December 2021. Available at: https://phr.org/our-work/resources/violence-against-health-care-in-myanmar/

စောင့်ရှောက်မှုအတွက် ငွေပေးချေရန် လိုအပ်လာမည်ဆိုပါက CDM တွင် ဆက်လက်ပါဝင်ရန် အလွန်ပင်ခက်ခဲလာမည် ဖြစ်သည်။

ဆရာ၊ ဆရာမများစွာ ဖမ်းဆီးခံရသည့်ကိစ္စနှင့်စပ်လျဉ်း၍ CDM တွင်ပါဝင်သူတစ်ဦးက အချို့သော ဆရာ၊ ဆရာမများမှာ နာမကျန်းဖြစ်သည့်မိသားစုဝင်များ ရှိသည့်အတွက် လုပ်ငန်းခွင် ပြန်ဝင်ရုံမှတစ်ပါး အခြားရွေးချယ်စရာ မရှိပုံကို ပြောပြသည်။[76] ထို့အပြင် CDM တွင်ပါဝင်သူများ၏ မိသားစုဝင်များ ဖမ်းဆီးခံရနိုင်၊ အကြမ်းဖက်ခံရနိုင်သည့် ခြိမ်းခြောက်မှု အန္တရာယ်ကလည်း ထပ်ဆင့် ရှိနေသည်။ ဤသို့ဖြင့် မိသားစုဝင်များသည် ၎င်းတို့နာမကျန်းဖြစ်၍ ဆေးရုံ သွားရလျှင် သို့မဟုတ် အခြေခံဝန်ဆောင်မှုများ ယူရလျှင် “၎င်းတို့ မိသားစုအတွင်း CDM တွင်ပါဝင်သူရှိပါက ၎င်းတို့ကို ဓားစာခံအဖြစ် ဖမ်းခေါ်သွားခြင်း ခံရမည်ကို” စိုးရိမ်နေကြရသည်။[77] ထိုအခြေအနေများကြောင့် မိမိတို့၏ မိဘများ သို့မဟုတ် မိသားစုဝင်များ နာမကျန်းဖြစ်လျှင် ဖြစ်လာနိုင်သည်များကို စိုးရိမ်ပူပန်သောကြောင့် CDM တွင်ပါဝင်သူ အချို့မှာ လုပ်ငန်းခွင်သို့ ပြန်ဝင်ရန် ရွေးချယ်ခဲ့ကြရသည်။[78] သို့သော် အချို့ဖြစ်ရပ်များတွင် CDM တွင် မပါဝင်တော့ဘဲ လုပ်ငန်းခွင်သို့ ပြန်ဝင်သည့်တိုင် အဖမ်းခံရခြင်း သို့မဟုတ် စောင့်ကြည့်ခံရခြင်းအပြင် အခြားသောပုံစံဖြင့် ခြိမ်းခြောက်ခံရခြင်းနှင့် ခြောက်လှန့်ခံရခြင်းများလည်း ရှိသည်။ ထိုထက်ပို၍ဆိုးသောအချက်မှာ စစ်အုပ်စုက သပိတ်တွင် ပါဝင်သော ပြည်သူ့ဝန်ထမ်းများ၏ အမည်ပျက်စာရင်းကို နိုင်ငံကူးလက်မှတ်ရုံးနှင့် လူဝင်မှုကြီးကြပ်ရေး ဌာနတို့ထံ ပေးပို့ထားပြီး ၎င်းတို့ နိုင်ငံရပ်ခြားသို့ သွားရောက်ပညာသင်ကြားခွင့် သို့မဟုတ် အလုပ်လုပ်ခွင့် မရစေရန်လည်း ပိတ်ဆို့ထားသည်။[79]

ထို့အပြင် CDM တွင် ပါဝင်သူများကို အလုပ်မခန့်ရန် အမည်ပျက်စာရင်းထုတ်ထားသည်ဆိုသော ကောလာဟလလည်း ထွက်လာခဲ့ပြီး CDM တွင် ပါဝင်ထားသူမှန်းသိလျက် အလုပ်ခန့်ထားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည်လည်း တစ်ခုခုတန်ပြန်အရေးယူခံရမည်ကို စိုးရိမ်နေကြသည်။ CDM တွင်ပါဝင်သူ အမျိုးသမီးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းမှုတွင် ၎င်းက အောက်ပါအတိုင်း ပြောပြသည်။

> *အလုပ်ရှင်တွေက CDM တွေကို မခန့်ချင်တော့ CDM တွေ အလုပ်ရှာရတာ အရမ်းခက်ပါတယ်။ တချို့ လုပ်ငန်းရှင်နဲ့ ကုမ္ပဏီပိုင်ရှင်တွေက CDM လုပ်ထားသူတွေကို အလုပ်ခန့်လို့ သူတို့အဖမ်းခံရရင် ကိုယ့်စီးပွားရေးကိုလည်း ထိခိုက်လာမှာကို စိုးရိမ်တာကြောင့် CDM တွေကို အလုပ်မခန့်ချင်ကြဘူး။[80]*

နောက်ထပ် CDM တွင်ပါဝင်သူ အမျိုးသမီးတစ်ဦးကလည်း ငွေကြေးအခက်အခဲနှင့် ဖိအားများအကြောင်းကို အောက်ပါအတိုင်း ပြောပြသည်။

---

76 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

77 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

78 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

79 ‘Striking civil servants still face regime’s wrath, 18 months on.’ *Frontier.* 3 August 2022. Available at: https://www.frontiermyanmar.net/en/striking-civil-servants-still-face-regimes-wrath-18-months-on/

80 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ။

*CDM တွေရဲ့ဘဝက စိန်ခေါ်မှုတွေ များတယ်။ ကိုယ့်မိတ်ဆွေ CDM သမားတချို့ဆိုရင် ဝင်ငွေ မရှိတော့ ဈေးဆိုင်လေးတစ်ဆိုင်ဖွင့်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ပစ်မှတ်ထားခံရတော့ ဆိုင်လေးကို ပိတ်လိုက်ရတယ်။ ပုဂ္ဂလိကလုပ်ငန်းတွေမှာ အလုပ်လျှောက်တော့လည်း သူတို့က CDM ဖြစ်နေလို့ဆိုပြီး ဘယ်သူကမှ အလုပ်မခန့်ချင်ကြဘူး။ တစ်ခါတလေ နင်တို့ CDM ဝင်လိုက်လို့ ဘာမှထူးလာမှာ မဟုတ်ဘူးလို့ Non-CDM တွေရဲ့ လှောင်ပြောင်တာကိုလည်း ခံကြရတယ်။*[81]

အချို့သော အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလအလှူရှင်များ၊ NUG၊ CRPH နှင့် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေကြသော မြန်မာပြည်သူများထံမှ ရရှိသော အကူအညီများဖြင့် လိုအပ်နေသော ကွက်လပ်ကို ကြိုးစားဖြည့်ဆည်းခဲ့ကြသော်လည်း CDM တွင် ပါဝင်မှုကြောင့် အမျိုးမျိုးသော ခြိမ်းခြောက်မှုများနှင့် ဖိအားများကို ကြုံတွေ့လာရချိန်တွင် အချို့သူများအား လုပ်ငန်းခွင် ပြန်ဝင်စေရန် ဖိအားဖြစ်လာခဲ့သည်။ အဆိုပါအခက်အခဲများသည် အာဏာသိမ်းရန် ကြိုးပမ်းမှု လေးလဝန်းကျင်အကြာတွင် ကျယ်ကျယ်ပြန့်ပြန့် ကူးစက်သွားခဲ့ပြီး နိုင်ငံကိုလည်း အခြေအနေဆိုးရွားစေခဲ့သည့် မြန်မာနိုင်ငံ၏ COVID-19 တတိယလှိုင်းအတွင်း ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရသည်။ အဆိုပါ ဖိအားများကြောင့် ကြီးမားသော သပိတ်များနှင့် ဆန္ဒပြပွဲများ ပေါ်ပေါက်လာခဲ့သည့် အစောပိုင်းလအနည်းငယ်အကြာတွင် ပြည်သူများသည် လုပ်ငန်းခွင်ပြန်ဝင်ခြင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ခြင်း သို့မဟုတ် အခြားသောခုခံမှုတော်လှန်မှုပုံစံတစ်ခုခုကို ရွေးချယ်သွားခဲ့ကြခြင်းကြောင့် CDM လှုပ်ရှားမှု၏ သဘောသဘာဝ အပြောင်းအလဲဖြစ်လာခဲ့သည်မှာ ထူးခြားအံ့သြဖွယ်ရာ မဟုတ်ပေ။ သို့ရာတွင် CDM သည် အဆုံးသတ် မသွားခဲ့ဘဲ ဆင့်ကဲပြောင်းလဲလာခဲ့သည်။ ထိုဆင့်ကဲပြောင်းလဲလာမှုကို အောက်ပါအပိုင်းတွင် ဆက်လက်တင်ပြထားပါသည်။

81 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ။

# ၅ CDM ၏ ဆင့်ကဲပြောင်းလဲမှု

CDM သည် စစ်အုပ်စု၏ အာဏာလုယူရေး ကြိုးပမ်းမှုကို ခုခံဖီဆန်သည့် ပထမဆုံး ထုတ်ဖော်မှုတစ်ခုဖြစ်ပြီး နွေဦးတော်လှန်ရေး၏ အခြေခံလည်း ဖြစ်သည်။ နွေဦးတော်လှန်ရေးသည် အုပ်ချုပ်ရေးအတွက် ယာယီနိုင်ငံရေးအစုအဖွဲ့ သုံးခု စုဖွဲ့မှု အပါအဝင် အမျိုးမျိုးသောသွင်ပြင်များဖြင့် တိုးတက်ပြောင်းလဲလာခဲ့သည်။ ပထမဆုံးအစုအဖွဲ့မှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်အမတ်များကို ကိုယ်စားပြုသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ဖြစ်ပြီး ၎င်းကို အာဏာလုယူရေး ကြိုးပမ်းမှုဖြစ်ပွားပြီး ရက်ပိုင်းအတွင်း ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ CRPH သည် ဥပဒေပြုသော အဖွဲ့အစည်းဖြစ်ပြီး ဥပဒေပြဌာန်းခြင်းများ နှင့်/သို့မဟုတ် ပြင်ဆင်ခြင်းများ ကို ဆောင်ရွက်သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အမည်အောက်တွင် ရွေးကောက်ခံ ဥပဒေပြုအမတ်များ၊ လူနည်းစုတိုင်းရင်းသား ခေါင်းဆောင်များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များဖြင့် ၂၀၂၁ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့ပြီး တစ်ချိန်တည်းတွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (National Unity Consultative Council – NUCC) ကို NUG ၏ မူဝါဒနှင့် မဟာဗျူဟာလမ်းကြောင်းကို လမ်းညွှန်ပေးသည့် ဆက်စပ် လွှမ်းခြုံသောအစုအဖွဲ့တစ်ခုအဖြစ် ဖွဲ့စည်းခဲ့သည်။ သို့သော် မီးရထားဌာနမှ CDM တွင်ပါဝင်သူ အရာရှိတစ်ဦးက ပြောပြသည်မှာ NUCC၊ CRPH နှင့် NUG တို့ကို CDM က မွေးထုတ်ပေးခဲ့ခြင်း ဖြစ်သည်။[82] အဆိုပါနိုင်ငံရေးအင်အားစုများ က လက်ရှိတွင် မြေပြင်မှပြည်သူများ၏ ထောက်ခံအားပေးမှုနှင့် တရားဝင်အဖြစ် အသိအမှတ်ပြုမှုတို့ကို ရရှိနေခြင်းမှာ CDM တွင်ပါဝင်သူထားများ၏ ပါဝင်လုပ်ဆောင်မှုနှင့် ကိုယ်စားပြုမှုတို့အပြင် ၎င်းအင်အားစုများအပေါ် ပြည်သူများက ယုံကြည်ကိုးစားနေခြင်းကြောင့် ဖြစ်သည်။

CDM ကို ဖိနှိပ်ရန် စစ်အုပ်စုမှ အကြမ်းဖက်သည့် နည်းလမ်းများကို ပိုမိုအသုံးပြုသည်နှင့်အမျှ စစ်အုပ်စုထိန်းချုပ်မှုအောက်ရှိ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင် မပူးပေါင်းမပါဝင်ရေး ဆက်လက် လုပ်ဆောင်ရန်အတွက် အရင်းအမြစ်များ စတင်ကုန်ခမ်းလာခဲ့ရာမှ CDM သည် မလွဲမရှောင်သာ ဆင့်ကဲပြောင်းလဲမှု စတင်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ဤကဲ့သို့ အဆုံးစွန်ထိ ပြင်းထန်သည့် ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်လာရချိန်တွင် လူထုဆန္ဒပြပွဲများကို အဆုံးမရှိ ဆက်လက်လုပ်ဆောင်ရန် မဖြစ်နိုင်တော့သကဲ့သို့ CDM တွင်ပါဝင်သူ အချို့မှာလည်း လုပ်ငန်းခွင်သို့ ပြန်ဝင်သွားကြရသည်။ ပံ့ပိုးမှုနှင့်ထောက်ပံ့မှု မရှိသည့်ကြားက CDM တွင်ပါဝင်သူ အနည်းငယ်က ၎င်းတို့၏ အရေးကြီးသော အလုပ်များကို ဆက်လက်လုပ်ဆောင်နေချိန်တွင် CRPH နှင့် NUG တို့မှ ပံ့ပိုးသော အထောက်အပံ့နှင့် နေစရာအချို့ ပံ့ပိုးမှုများက အချို့ CDM ဝန်ထမ်းများကို လုပ်ငန်းခွင် ပြန်လည်မဝင်စေရုံသာမက မြန်မာနိုင်ငံတော်အသစ် တည်ဆောက်ရေးအတွက် ၎င်းတို့၏ ခုခံတော်လှန်မှုကို ဆက်လက်လုပ်ဆောင်စေနိုင်သည်။ CDM တွင်ပါဝင်သူများက NUG ကို ပံ့ပိုးသကဲ့သို့ပင် ထောက်ခံအားပေးမှုများလည်းရှိကြောင်း NUG ကိုယ်တိုင်က အောက်ပါအတိုင်း ဖော်ပြထားသည်။

82 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ။

> *NUG နှင့် ပူးပေါင်းလာခဲ့ကြသည့် ပြည်သူ့ဝန်ထမ်း CDM များထဲတွင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်ကဲ့သို့ ရာထူးကြီးသူများအပါအဝင် ပြည်သူ့ဝန်ထမ်းကဏ္ဍအသီးသီးမှ ပါဝင်လာကြခြင်း ဖြစ်သည်။ အဆိုပါ ရာထူးကြီးသည့်ဝန်ထမ်းများသည် လက်ရှိအချိန်တွင် မြန်မာပြည်သူများအတွက် လူမှုရေး ဝန်ဆောင်မှုများ စီမံပေးရန် NUG ၏ ဝန်ကြီးဌာနများတွင် ဦးဆောင်မှုကဏ္ဍများ၌ ပါဝင်နေကြသည်။*[83]

အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများသည် NUG အတွင်းနှင့် COVID–19 အစီအမံများ၊ အွန်လိုင်းကျန်းမာရေး တိုင်ပင်ဆွေးနွေးမှုများ သို့မဟုတ် စစ်ဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ကျန်းမာရေး ဝန်ထမ်းများအတွက် သင်တန်း စသည့် လွတ်မြောက်နယ်မြေရှိ NUG ၏ အစီအစဉ်အမျိုးမျိုးတွင် ကဏ္ဍအသီးသီးမှ ပါဝင်နေကြသည်။ CDM Medical Network ၏ ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ CDM တွင်ပါဝင်သည့် ကျန်းမာရေးဝန်ထမ်း ၅,၀၀၀ နီးပါးသည် NUG ၏ အမည်အောက်ရှိ ကျယ်ပြန့်သော တော်လှန်ရေးအင်အားစု အမျိုးမျိုး အောက်၌ အလုပ်လုပ်လျက်ရှိသည်။[84] ဥပမာအားဖြင့် ကရင်နီပြည်နယ်ရှိ လွတ်မြောက်နယ်မြေအတွင်း ယာယီဆေးရုံ တစ်ရုံတွင် CDM ဆရာဝန်နှင့် သူနာပြုများက အရပ်သားများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကို ကုသ မှုများပေးနေလျက်ရှိသည်။[85]

နာမည်ကြီးသူများအပါအဝင် CDM တွင်ပါဝင်သူအချို့သည် ERO များ ထိန်းချုပ်ထားသည့် နယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်ကြပြီး အစားထိုးအုပ်ချုပ်ရေးစနစ်တစ်ရပ်နှင့် စစ်အုပ်စုမှ မပေးနိုင်သကဲ့သို့ ပေးပါကလည်း ပြည် သူက လက်ခံမည်မဟုတ်သည့် ဝန်ဆောင်မှုများကို တည်ဆောက်ရန်အတွက် ၎င်းတို့၏ စွမ်းရည်များကို အသုံးချနေကြ သည်။ CDM တွင်ပါဝင်သူအချို့က ပရဟိတအဖွဲ့များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ တည်ထောင်ကာ အချို့မှာ မူ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဖြစ်လာခြင်း သို့မဟုတ် စည်းရုံးလှုံ့ဆော်ရေးအပိုင်းတွင် ပါဝင်လှုပ်ရှားလာကြသည်။ HRD တစ်ဦးကလည်း အောက်ပါအတိုင်း ပြောသည်။

> *တိုင်းရင်းသားဒေသတွေကို ရောက်လာတဲ့ အချို့ CDM တွေက ကျန်းမာရေးနဲ့ ပညာရေး စတဲ့ သူတို့ရဲ့ သက်ဆိုင်ရာကျွမ်းကျင်မှုတွေကို အခြေခံတဲ့အကူအညီတွေ ပေးနေကြပါတယ်။ CDM တွေဟာ အဲဒီဒေသ တွေမှာ အကူအညီတွေ အများကြီး ပေးနေပြီး ဒေသခံလူမှုအသိုင်းအဝိုင်းကို ပံ့ပိုးကူညီမှုတွေ လုပ်ဆောင်ကြ တယ်။ ဥပမာ တက္ကသိုလ်က ပါမောက္ခတွေဟာ ပညာရေးမှာ ပါဝင်ကူညီ လုပ်ဆောင်ပေးကြပြီး ကျန်းမာရေး က ကျွမ်းကျင်ပညာရှင်တွေကလည်း အလားတူ လုပ်ဆောင်ကြပါတယ်။*[86]

---

83 ‘Myanmar’s Civil Disobedience Movement.’ *National Unity Government of Myanmar.* September 2021. Available at: https://www.burmalibrary.org/sites/burmalibrary.org/files/obl/2021-09-17-210916_CDM_Report_edited-signed.pdf

84 Yuzana. ‘Myanmar Resistance Medics on Front Line of Fight Against Military Rule. *The Irrawaddy.* 21 November, 2022. Available at: https://www.irrawaddy.com/features/myanmar-resistance-medics-on-front-line-of-fight-against-military-rule.html

85 The CDM Doctor performing brain surgery amid the bullets.’ *Frontier.* 17 February 2023. Available at: https://www.frontiermyanmar.net/en/the-cdm-doctor-performing-brain-surgery-amid-the-bullets/

86 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

၂၀၂၁ ခုနှစ်အတွင်း တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများအတွက် CDM တွင်ပါဝင်သော ကျောင်းဆရာ၊ ဆရာမများမှ ဝိုင်းဝန်းပါဝင်လုပ်ဆောင်ခဲ့သည့် ပံ့ပိုးမှုများအကြောင်းနှင့် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများတွင် CDM ဆရာ၊ ဆရာမများက စာသင်ကြားပေးမှုကို နောက်ထပ် HRD တစ်ဦးက "CDM အများစုဟာ ဒီမှာ ဒုက္ခသည်အဖြစ် လာရောက်ခိုလှုံတာ ဖြစ်ပေမယ့်လည်း သူတို့ရဲ့စွမ်းဆောင်ရည်နဲ့ တတ်ကျွမ်းနားလည်မှုကို အသုံးချပြီး ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြတယ်။" ဟုဆိုသည်။[87] မတူကွဲပြားသော တိုင်းရင်းသား လူမျိုးစုများအကြား ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုသည် စစ်အုပ်စုမှ ကာလရှည်ကြာ ကြိုးစားဟန့်တားလာခဲ့သည့် ဖက်ဒရယ်စနစ်ကို အစမ်းကျင့်သုံးမှုတစ်ခုပင် ဖြစ်သည်။

ဆန့်ကျင်တော်လှန်မှုတွင် ပညာရေးသည် ကြီးမားသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ထွက်ပြေးတိမ်းရှောင်ရသူများစွာတို့၏ သားသမီးများကို ကျောင်းထားရန် လိုအပ်နေဆဲဖြစ်သော်လည်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းမှ ကျောင်းသားများစွာသည် တရားမဝင်စစ်အုပ်စုမှ ဖွင့်လှစ်သော စာသင်ကျောင်းများတွင် ကျောင်းမအပ်နှံဘဲ နေခဲ့ကြသည်။ NUG ၏ လမ်းညွှန်မှုဖြင့် CDM တွင်ပါဝင်သူများက အွန်လိုင်း သို့မဟုတ် လေလှိုင်းပေါ်မှ ကျောင်းများနှင့် မြေပြင်စာသင်ကျောင်း နှစ်မျိုးလုံးကို တည်ထောင်ခဲ့ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်နီပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ CDM တွင်ပါဝင်သူများ စီမံသော ဒေသခံစာသင်ကျောင်းများတွင် မူလတန်းမှ အထက်တန်းအရွယ်အထိ ကျောင်းသားများကို ပညာသင်ကြားပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တစ်ခုတည်း၌ပင် ဒေသခံစာသင်ကျောင်း ၂၇ ကျောင်းတွင် ကျောင်းသားဦးရေ ၄,၀၀၀ နီးပါး ပညာသင်ယူနေကြသည်။[88] NUG သည် မြေပြင်ရှိကျောင်းများ လည်ပတ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာ အကူအညီသာမက လုံခြုံရေးအကူအညီများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ စာသင်ကျောင်းများကို ပစ်မှတ်ထားနေသည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုမှ ခုခံကာကွယ်ရန် ဒေသခံပြည်သူများ၏ အကူအညီဖြင့် စာသင်ကျောင်းပေါင်း ၆၀၀ ကျော်တွင် လေကြောင်းစီးနင်းတိုက်ခိုက်မှုရှိလာလျှင် ခိုလှုံနိုင်ရန်နေရာများကို ပြင်ဆင်ထားကြသည်။[89] NUG ၏ ယာယီပညာရေးစီမံချက် တစ်စိတ်တစ်ပိုင်းအဖြစ် အွန်လိုင်းစာသင်ကျောင်း ၃၃ ကျောင်းကို အစိုးရအသိအမှတ်ပြုကျောင်းများအဖြစ် ကြေညာခဲ့သည်။[90] မန္တလေးတိုင်းဒေသကြီးမှ ပညာရေးဆိုင်ရာအရာရှိတစ်ဦး ထူထောင်ခဲ့သော Kaung For You ကျောင်းဟူသော အွန်လိုင်းပညာသင်ရပ်ဝန်းမှာ ထင်ရှားသော နမူနာတစ်ခုဖြစ်သည်။ အဆိုပါကျောင်းကို NUG ၏ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပြီး အဆိုပါကျောင်းပုံစံစနစ်မှာ အကြီးမားဆုံးဖြစ်ကာ ကျောင်းသားမိဘများက ၎င်းတို့၏ ကလေးများကို စစ်အုပ်စု၏ကျောင်းများသို့ မစေလွှတ်ဘဲ Kaung For You ကျောင်း၌သာ ကျောင်းသူ၊ ကျောင်းသား ဦးရေ ၃၀,၀၀၀ ကျော် အပ်နှံခဲ့သည်။[91] သို့သော် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ကျောင်းသားစာရင်းနှင့် ဆရာ၊ ဆရာမများ၏ အချက်အလက်များ ပေါက်ကြားမှုကြောင့် ထိုကျောင်းတည်ထောင်သူ အပါအဝင် ကျောင်းနှင့်ပတ်သက်သူ ၃၀ ကျော် ဖမ်းဆီးခံခဲ့ရပြီး ကျောင်းကိုလည်း ယာယီပိတ်လိုက်ကြောင်း ကြေညာခဲ့

87 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

88 "Myanmar's Shadow Govt Operates Network of Schools in Resistance Strongholds." *The Irrawaddy*. 7 June 2022. Available at: https://www.irrawaddy.com/news/burma/myanmars-shadow-govt-operates-network-of-schools-in-resistance-strongholds.html

89 "နိုင်ငံတစ်ဝန်း စာသင်ကျောင်း ၆၀၀ ကျော်တွင်ဗုံးခိုကျင်းများတူးထား။" People's Spring. 26 January 2023. Available at: https://www.ludunwayoo.com/news–mm/2023/01/26/65876/

90 "ကြားကာလ အခြေခံပညာပြည်သူ့ပညာရေးကျောင်းများအဖြစ် အသိအမှတ်ပြုကြောင်း ကြေညာချက်(၂/၂၀၂၃)။" *NUG.* Available at: https://gov.nugmyanmar.org/my/2023/01/24/ကြားကာလအခြေခံပညာပြည်သူ

91 Han Thit. 'At least 30 teachers detained following data leak and arrest of NUG-linked school founder.' *Myanmar Now.* 20 July 2022. Available at: https://myanmar-now.org/en/news/at-least-30-teachers-detained-following-data-leak-and-arrest-of-nug-linked-school-founder

သည်။[92] ထို့အပြင် နွေဦးတက္ကသိုလ်အမည်နှင့် အွန်လိုင်းတက္ကသိုလ်တစ်ခုလည်း ရှိနေပြီး သင်ခန်းစာပေါင်း ၅၀၀ ကျော်ကို သင်ကြားပေးလျက်ရှိရာ ဤအစီရင်ခံစာရေးသားနေသည့်အချိန်တွင် ကျောင်းသူ၊ ကျောင်းသားဦးရေ ၁၃,၈၇၆ ဦးကျော် ပညာသင်ကြားနေကြပြီး ဖြစ်သည်။[93] နောက်ထပ်အွန်လိုင်းပညာရေး ပလက်ဖောင်းတစ်ခုကို Virtual Federal University အမည်ဖြင့် ခုခံတော်လှန်ရေးဆင်နွှဲနေသည့် ကျောင်းသူ၊ ကျောင်းသားများမှ ထူထောင်ခဲ့ကြပြီး အသံ၊ ရုပ်သံနှင့် ဖတ်စာပုံစံများဖြင့် အွန်လိုင်းသင်ခန်းစာများ စီစဉ်ကာ ကမ္ဘာတစ်ဝန်းမှ ပညာရှင်များက သင်ကြားပေးလျက်ရှိသည်။[94]

သို့သော် တော်လှန်ရေး၏ အခြားသော သွင်ပြင်လက္ခဏာနှင့်အတူ စစ်တပ်ကို အနိုင်တိုက်ရန်နှင့် ဆယ်စုနှစ်များစွာတိုင် အဂတိလိုက်စားပြီး ဖိနှိပ်ဗိုလ်ကျခဲ့သည့် စစ်တပ်အဆောက်အအုံကြီးနှင့် ၎င်း၏လုံခြုံရေးယန္တရားတို့ကို ဖြိုဖျက်ရန် ရည်ရွယ်ရုံမက စစ်ဘောင်တိုးချဲ့မှုနှင့် အာဏာရှင်စနစ်ကို အားဖြည့်ပေးနေသည့် ဆိုးကျိုးများနှင့် အထက်အောက် ဖိနှိပ်မှုတို့ကို တစ်စစီဖြိုချသည့် မြန်မာနိုင်ငံတော်အသစ်ကို တည်ဆောက်နေခြင်းလည်း ဖြစ်သည်။ ပညာရေးသည် အဓိကကျသော သာဓကတစ်ခု ဖြစ်သည်။ ၂၀၂၁ ခုနှစ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ်ရှိ လေးကေကော်မြို့ မပျက်စီးမီ မိမိရွာမှ လေးကေကော်မြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသူ CDM တွင်ပါဝင်သည့် ကျောင်းဆရာမတစ်ဦးက သင်ကြားရေးမူအသစ်များအကြောင်း ပြောပြသည်။ ထိုဆရာမသည် CDM တွင်ပါဝင်သော ကလေးများကို မြန်မာနိုင်ငံ၏ တရားဝင်ပညာရေးစနစ်က အထက်အောက် ချပေးသော အလွတ်ကျက်စနစ်နှင့် ကွဲထွက်သည့် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးနေသည်။ သင်ရိုးညွှန်းတမ်းအဟောင်းသည် ကလေးငယ်များအား အမိန့်အခိုင်းစွာဖြင့် လွတ်လပ်စွာတွေးခေါ်ရမည် သို့မဟုတ် တာဝန်ယူမှု တာဝန်ခံမှုရှိရမည်ကို မသင်ကြားပေးဘဲ “နောက်လိုက်များ” ဖြစ်စေရန်သာ သင်ကြားပေးပုံကို ထုတ်ဖော်ပြောပြသည်။ ၎င်းငယ်စဉ်က ဆရာ၊ ဆရာမများကို ကြောက်လန့်ခဲ့ရပုံနှင့် CDM တွင်ပါဝင်ရင်းဖြင့် လက်ရှိ သင်ကြားပေးနေသော ကလေးငယ်များသည် ရဲရဲဝံ့ဝံ့ရှိကြပြီး ထုတ်ဖော်ပြောဆိုရန်လည်း မကြောက်ရွံ့ဘဲ ပို၍များစွာသင်ယူနိုင်ကြပုံကိုလည်း ပြောပြသည်။ စစ်အုပ်စုလက်အောက်ရှိ ပညာရေးစနစ်သည် “ဖိနှိပ်မှု” ပုံစံဖြစ်ပြီး အနာဂတ်အတွက် ၎င်း၏မျှော်လင့်ချက်များကို အောက်ပါအတိုင်းပြောပြသည်။

> *တကယ်လို့ ကျမတို့မှာ ကောင်းမွန်တဲ့ အစိုးရတစ်ရပ်သာရှိခဲ့ရင် အခုလို သင်ကြားရေး ဝန်းကျင်မျိုးက ရှိနေတာ ကြာလှရောပေ့ါ။ ကျမအနေနဲ့ကတော့ အနာဂတ်ရဲ့ သူ့ရဲကောင်း ကလေးငယ်တွေအတွက် အဲဒီလို သင်ယူမှုဝန်းကျင်မျိုး ရှိစေချင်တယ်။ ကလေးတွေ ပိုတော်ပြီး ဉာဏ်ရည်ပိုကောင်းမွန်ရင် ကျမတို့နိုင်ငံလည်း ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်။[95]*

တိုင်းရင်းသားဝန်ဆောင်မှုပေးနေသူများစွာသည် ပညာရေးအစီအစဉ်များအပြင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုပါ ဆယ်စုနှစ်ပေါင်းများစွာချီ လုပ်ဆောင်နေကြပြီး ယင်းမှာ ဗမာဗဟိုပြု မြန်မာနိုင်ငံတော်တည်ဆောက်ရေး စီမံကိန်း၏ ဘောင်ပြင်ပမှ တိုင်းရင်းသားလူမျိုးစုများ ကျင့်သုံးနေသည့် ရှိနှင့်နေပြီးသော ဖက်ဒရယ်စနစ်ကို ဖော်ပြနေသည်။ တကယ်တမ်းတွင် အာဏာလုယူရေးကြိုးစားမှု ဖြစ်ပွားပြီးချိန်နောက်ပိုင်း CDM တွင်ပါဝင်သူများသည် တိုင်းရင်းသား လွတ်မြောက်နယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာ ကရင်အမျိုးသားအစည်းအရုံး (Karen

---

92 *Ibid*.

93 ‘Spring University Myanmar.’ Available at: https://www.springuniversitymm.com/

94 ‘Federal University.’ Available at: https://www.federaluniversity.org/

95 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

National Union – KNU) အုပ်ချုပ်မှုအောက်တွင်ရှိသော ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (Karen Education and Cultural Department) ၏ စာသင်ကျောင်းများကဲ့သို့ ကျောင်းများတွင် နေရာမလောက်ငမှုများရှိလာခဲ့ပြီး[96] ယင်းကဲ့သို့ အစီအစဉ်များတွင် လိုအပ်ချက်များ မြင့်မားလာခဲ့သည်။ ကရင်နီပြည်နယ်တွင် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council – KSCC) သည် နိုင်ငံရေးပါတီများ၊ ERO များနှင့် CDM တွင်ပါဝင်သူများဖြင့် စုစည်းထားပြီး စစ်အုပ်စုက ထိရောက်စွာ မထိန်းချုပ်နိုင်သည့် ပြည်နယ်၏ အစိတ်အပိုင်းများကို စီမံအုပ်ချုပ်လျက်ရှိသည်။ KSCC ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီခွဲများတွင် CDM တွင်ပါဝင်သူများပါဝင်ထားပြီး[97] ယင်းသို့သော ရှိနှင့်ပြီးသား မူဘောင်များတွင် ပူးပေါင်းလုပ်ကိုင်ခြင်းမျိုးကို ယခင်စစ်အုပ်စုများ လက်ထက် သို့မဟုတ် NLD ဦးဆောင်သော အစိုးရလက်ထက်များတွင် အလွန်ပင် မြင်တွေ့ရခဲလှသည့် တိုင်းရင်းသား လူမျိုးစုများနှင့် ဗမာတိုင်းရင်းသားလူမျိုးစု အင်အားစုတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ပြသနေသည်။ ယခုကဲ့သို့ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် အုပ်ချုပ်ရေးအပိုင်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖက်ဒရယ်စနစ် ကျင့်သုံးမှုသည် NUG သို့မဟုတ် CRPH တို့၏ ဗဟိုညွှန်ကြားချက်များကြောင့် မသေးသိမ်သွားစေရန် အလွန်ပင် အရေးကြီးသည်။ လူမျိုးစုများအကြား ကွဲပြဲမှုကို ပိုမိုဆိုးရွားစေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး အခွင့်အရေး မှန်သမျှကို ပိတ်ဆို့ဟန့်တားရာတွင် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို စစ်တပ်မှ အောင်မြင်စွာ ကျင့်သုံးနေခဲ့သည့် မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုရှိသော ခေတ်သစ်တစ်ခုကို ထူထောင်ရန်အတွက် တိုင်းရင်းသားမျိုးနွယ်စုများမှ ဆယ်စုနှစ်နှင့်ချီ၍ ကျင့်သုံးခဲ့ပြီးသော ဖက်ဒရယ်စနစ်၏ အခြေခံအုတ်မြစ်ကို အခြေခံ၍ စစ်အုပ်စုမပါသော အစားထိုး ပညာရေးစနစ်အသစ်ကို တိုင်းရင်းသားလူမျိုးစုများ၏ အုပ်ချုပ်ရေးများတွင် ထပ်ဖြည့်ခြင်း ပူးပေါင်းခြင်းများ လုပ်နိုင်သည်။

ကျန်းမာရေးအပိုင်းတွင်လည်း COVID–19 နှင့်ပတ်သက်၍ အထက်တွင်ဖော်ပြထားသကဲ့သို့ ဆရာဝန်များနှင့် သူနာပြုများသည် စစ်အုပ်စုအတွက် အလုပ်မလုပ်ဘဲ နေခဲ့ကြသည့်တစ်ချိန်တည်းတွင် ကိုယ်တိုင်လိုက်လံကုသပေးခြင်းနှင့် ပရဟိတဆေးရုံများ၊ မြေအောက်ကွန်ရက်များမှတစ်ဆင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ပေးနေခဲ့ကြသည်။ မြန်မာနိုင်ငံ၌ ပြေးဆွဲနေသော မီးရထားလမ်းစနစ်ကို ပြန်လည်တည်ဆောက်မည့်စီမံချက်အကြောင်းကို CDM တွင်ပါဝင်သူ မီးရထားဌာနမှ အရာရှိတစ်ဦးက ၎င်းနှင့်တွေ့ဆုံမေးမြန်းမှုတွင် ပြောပြခဲ့သည်။ ထို့အပြင် မြန်မာ့မီးရထား ကြားကာလစီမံအုပ်ချုပ်ရေးအဖွဲ့တစ်ခုကို တည်ထောင်ခဲ့ပုံနှင့် မည်သို့သော ရည်မှန်းချက်များ ထားရှိသည်ကို ပြောပြခဲ့သည်။[98]

ဤနေရာတွင် အဓိကတင်ပြလိုသည်မှာ CDM သည် စစ်တပ်ကို အဓိကငြင်းပယ်သည့် လှုပ်ရှားမှုမှ မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးအဖြစ် ဆင့်ကဲတိုးတက်ပြောင်းလဲလာခဲ့သည် ဆိုသော အချက်ပင် ဖြစ်သည်။ စစ်အုပ်စုကို ငြင်းပယ်ခြင်းသည် မြန်မာနိုင်ငံကို ငြင်းပယ်ခြင်း မဟုတ်ပေ။ ပြည်သူလူထုသည် ဖိနှိပ်ချုပ်ခြယ်မှု၊ ထက်အောက်ဆက်ဆံမှု၊ ဖိုဝါဒကြီးစိုးမှု၊ အကြမ်းဖက်မှုနှင့် ကိုယ်နှင့်မတူ ကိုယ့်ရန်သူ ယန္တရားအဆောက်အအုံများဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော မြန်မာစစ်တပ်၏ လူမျိုးတစ်စုတည်း၊ ဘာသာတစ်ခုတည်းကို ရှေ့တန်းတင်သည့် ဗုဒ္ဓဘာသာ ဗမာကြီးစိုးရေး နိုင်ငံတော်တည်ဆောက်ခြင်း လုပ်ငန်းစဉ်မှ ခွဲထွက်ပြီး ကျောင်းဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ မီးရထားဝန်ထမ်းများနှင့် အခြားသော ပြည်သူ့ဝန်ထမ်းများ၊ နှင့် ရွေးကောက်ခံ နိုင်ငံရေးသမားများနှင့်မဆို မြန်မာနိုင်ငံအသစ်တစ်ခုကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ ကြိုးစားအားထုတ်မှုကို CDM တွင်ပါဝင်သူများသည် ဖက်ဒရယ်ဒီမိုကရေစီ

---

96 "(KECD) ရဲ့ ကျောင်းတွေမှာ သတ်မှတ်ထားတဲ့ ကျောင်းသားဦးရေထက် လက်ခံရတဲ့အတွက် အခက်အခဲကြုံနေရ။" *Karen Information Center*. 15 July 2022. Available at: https://kicnews.org/2022/06/kecdရဲ့ကျောင်းတွေမှာ-သတ်မှ/

97 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

98 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ။

အရေး ကြိုးပမ်းမှု ဖြစ်စဉ်အတွင်း စစ်တပ်၏ ဗဟိုချုပ်ကိုင်မှုနှင့် စစ်ဘောင်ချဲ့ထားသည့် ဗမာလူမျိုးကြီးဝါဒကို တစိုက်မတ်မတ် တိုက်ထုတ်ပြီး ၎င်းတို့၏ ဘိုးစဉ်ဘောင်ဆက် ရှင်သန်ခဲ့သော နယ်မြေများတွင် ဆယ်စုနှစ်များစွာ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုပြုခဲ့ကြသည့် ဗမာမဟုတ်သော လူနည်းစု တိုင်းရင်းသားလူမျိုးစုများ၏ ပူးပေါင်းမှု၊ ကူညီပံ့ပိုးမှုများဖြင့် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ ဤကဲ့သို့ မြန်မာနိုင်ငံတော်သစ် တည်ဆောက်နေသည့် အမျိုးမျိုးသော ခုခံတော်လှန်ရေးအဖွဲ့များနှင့် အုပ်ချုပ်ရေး အဖွဲ့များသည် ခရီးလမ်းတစ်လျှောက် အမှားအယွင်းများ လုပ်ကောင်းလုပ်မိနိုင်မည် ဖြစ်သကဲ့သို့ CDM တွင်ပါဝင်သူတိုင်းသည်လည်း အတိတ်ကအခြေအနေများမှ ကွဲထွက်သော အပြောင်းအလဲအတွက် လုပ်ချင်မှလုပ်လိမ့်မည် ဖြစ်သော်လည်း CDM လှုပ်ရှားမှု၏ စုံလင်သောပါဝင်မှု၊ ဗဟုဝါဒရှိမှုနှင့် မတူကွဲပြားမှုများက ခိုင်မာသောအခြေခံအုတ်မြစ်များကို ချမှတ်ပေးနေသည်။ ထို့ကြောင့် CDM သည် စစ်အုပ်စုကို ငြင်းပယ်သည်ဟု အဓိပ္ပာယ်ရသည့် စစ်အုပ်စုနှင့် မပူးပေါင်းမဆောင်ရွက်ရေး လူထုသပိတ်များနှင့် ဆန္ဒပြလှုပ်ရှားမှုများမှသည် ခုခံတော်လှန်မှု၏ အစိတ်အပိုင်းအဖြစ် ၎င်းရောက်ရှိသည့်နေရာတွင် တစ်စုံတစ်ခုကို တည်ဆောက်သည့် လှုပ်ရှားမှုအဖြစ်သို့ ဆင့်ကဲပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။

COVID–19 ကပ်ရောဂါဆိုင်ရာ နောက်ဆက်တွဲ အကြမ်းဖက်မှုများ၊ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဖိအားများနှင့် စိန်ခေါ်မှုများကြောင့် လမ်းမများထက်တွင် မြင်တွေ့ရသည့် လူထုအရေအတွက်မှာ လျော့နည်းသွားသော်လည်း ၎င်းတို့၏ စိတ်အားထက်သန်မှုများက အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆင့်ကဲတိုးတက်ပြောင်းလဲလာပြီး အဆိုပါပြဿနာများကို ကျော်လွှားလာခဲ့ကြသည်။ အများပြည်သူဝန်ဆောင်မှုကဏ္ဍမှ ဝန်ထမ်းများ၏ လူသိရှင်ကြား သပိတ်မှောက်သူအရေအတွက် လျော့နည်းသွားသည်ကို တွေ့မြင်ရသော်လည်း ဤလှုပ်ရှားမှုအပေါ် ကတိကဝတ်နှင့် ခိုင်မာသောပိုင်းဖြတ်မှုမှာ ဆက်လက်တည်ရှိနေပြီး အမြော်အမြင်ရှိသော ခုခံတွန်းလှန်မှုတစ်ရပ်အဖြစ် ဦးတည်နေသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားမှုကို မြင်တွေ့လိုသည့် အရင်းအမြစ်ကြွယ်ဝသော မဟာမိတ်များနှင့် မိတ်ဆွေများ၏ ကူညီပံ့ပိုးမှုက မြန်မာစစ်အုပ်စု၏ ကျဆုံးခန်းကို ပိုမိုခြေလှမ်းသွက်စေမည်ဖြစ်ပြီး CDM တွင်ပါဝင်သူများ ကြိုးစားတည်ဆောက်နေသော မြန်မာနိုင်ငံသစ်ကိုလည်း ပို၍လျင်မြန်စွာ အကောင်အထည် ဖော်ဆောင်နိုင်စေမည် ဖြစ်သည်။

## ၆ CDM တွင်ပါဝင်သူများအတွက် ခက်ခဲသောရွေးချယ်မှုများ

CDM လှုပ်ရှားမှု၏ အကြမ်းမဖက်သော မူဝါဒသည် ကိုလိုနီစနစ်၊ စစ်အာဏာရှင်စနစ်နှင့် အခြားသော ဖိနှိပ်မှုပုံစံများနှင့် တရားမမျှတမှု၏ ရင်းမြစ်များကို ပြည်သူလူထုက ဖီဆန်တော်လှန်သည့် ရှည်လျားသော အစဉ်အလာသမိုင်း ရှိသည်။ CDM ကို အတိတ်သမိုင်းရှိ အကြမ်းမဖက်အာဏာဖီဆန်မှု ဖြစ်စဉ်ကိုအခြေခံ၍ ဆန်းစစ်အကဲဖြတ်သူ Anna King က အကြမ်းမဖက်သော အာဏာဖီဆန်မှုသည် ဟင်နရီဒေးဗစ်သူးရိုး၊ ဂန္ဒီနှင့် ရှာ့ပ်တို့၏ အရေးအသား၊ လုပ်ဆောင်မှုများနှင့် စပ်လျဉ်း၍ ကျင့်ဝတ်သိက္ခာအားဖြင့် အကြမ်းဖက်မှုကို ရွေးချယ်ခြင်းထက် ပို၍ငြိမ်းချမ်းပြီး ကိုယ်ကျင့်တရားစောင့်ထိန်းသော ခုခံတွန်းလှန်မှုဗျူဟာဖြစ်သည်ဟု ထောက်ပြထားသည်။ ပို၍ လက်တွေ့ကျမှုနှင့်ပတ်သက်ပြီး ဆွေးနွေးငြင်းခုန်လေ့ရှိသည့် ပညာရှင်များကိုလည်း Anna King က "ဗျူဟာကျသော အကြမ်းမဖက်မှုသည် စနစ်အပြောင်းအလဲ ဖော်ဆောင်ရာတွင် ပို၍အောင်မြင်နိုင်ဖွယ်ရှိပြီး အကြမ်းဖက်မှုထက် ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့် ဒီမိုကရေစီကို ဦးတည်သွားမည်။" ဟု ထောက်ပြထားသည်။[99] ယင်းအချက်မှာ အခြေအနေတစ်ခုထိ မှန်ကောင်းမှန်နိုင်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်းရှိ လူပုဂ္ဂိုလ်၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ လုံခြုံရေးအပေါ် အဆုံးစွန်ထိ အကြမ်းဖက်မှုနှင့် လက်တွေ့ခြိမ်းခြောက်မှုများကို မြန်မာစစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေသည့် အနေအထားတွင် အကြမ်းမဖက်သော အာဏာဖီဆန်သည့် CDM လှုပ်ရှားမှုသည် တော်လှန်ရေးမဏ္ဍိုင်များထဲမှ တစ်ခုသာ ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် စစ်အုပ်စု၏ အဆုံးစွန်သော အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများကို အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေရခြင်းကြောင့် နွေဦးတော်လှန်ရေးသည် စစ်အုပ်စု၏ အာဏာလုယူရန်ကြိုးပမ်းမှုကို တားဆီးသည့် ခုခံတော်လှန်ရေး၏ အစိတ်အပိုင်းများအောက်တွင် လက်နက်ကိုင်ခုခံစစ်လည်း ပါဝင်ပြီး ၎င်းနှင့်အတူ ဘက်ပေါင်းစုံမဟာဗျူဟာအဖြစ် အလျင်အမြန် ဆင့်ကဲပြောင်းလဲလာခဲ့သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် NUG က ကြေညာခဲ့သည့် "ပြည်သူ့ခုခံတော်လှန်စစ်" နှင့်ပတ်သက်၍ NUG ၏ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်က နိုင်ငံတကာ၏ ထိရောက်သောဖိအားပေးမှု အားနည်းနေကြောင်းကို အောက်ပါအတိုင်း မှတ်ချက်ပေးထားသည်။

> *သပိတ်ကော်မတီတွေရဲ့ ခေါင်းဆောင်မှုနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေ ဆက်ရှိနေသလို စစ်တပ်ရဲ့ အုပ်ချုပ်မှုကို လက်မခံတဲ့ CDM လှုပ်ရှားမှုလည်း ဆက်လက် ရှိနေပါတယ်။ နိုင်ငံတကာဖိအားနဲ့ သံတမန်လမ်းကြောင်းကနေ [ကျမတို့ကို အသိအမှတ်ပြုပြီး စစ်အုပ်စုကို ငြင်းပယ်ဖို့အတွက်] နိုင်ငံရေးကြိုးစားအားထုတ်မှုတွေ ဆက်လက်လုပ်ဆောင်နေတဲ့ တစ်ချိန်တည်းမှာ CDM နဲ့ အကြမ်းမဖက်လှုပ်ရှားမှုတွေကတော့ ရပ်တန့်မနေပါဘူး။ ဒါပေမယ့် ဒီလုပ်ဆောင်မှုတွေက မလုံလောက်ပါဘူး။ ဒါကြောင့် ခုခံတော်လှန်ရေးလှုပ်ရှားမှုတွေကို အရှိန်အဟုန် မြှင့်ရပါမယ်။ ဒါက အကြမ်းမဖက်ရာကနေ အကြမ်းဖက်လမ်းစဉ်ကို ကူးပြောင်းသွားတာ မဟုတ်ပါဘူး။ ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးကို အသုံးပြုသွားမယ်ဆိုတဲ့ အဓိပ္ပာယ်သာ ဖြစ်ပါတယ်။[100]*

---

99 King, Anna, S. 'Myanmar's Coup d'état and the Struggle for Federal Democracy and Inclusive Government.' *Religions.* 13. p.2. June 2022. Available at: https://www.mdpi.com/2077-1444/13/7/594

100 'Declaration of War Necessary as International Pressure Fails: Myanmar Shadow Government.' *The Irrawaddy.* 9 September 2021. Available at: https://www.irrawaddy.com/in-person/declaration-of-war-necessary-as-international-pressure-fails-myanmar-shadow-govt.html

ဤလက်နက်မကိုင်သော လှုပ်ရှားမှုသည် ဆက်လက်ရှိနေဆဲဖြစ်ပြီး စစ်အုပ်စုကို အုပ်ချုပ်သူတစ်ရပ် ဖြစ်ခွင့်မပြုသည့် လက်တွေ့သဘောတရားနှင့် အားလုံးပါဝင်မှုကြောင့် စိတ်ဓါတ်ရေးရာအရသာမက CDM လှုပ်ရှားမှုတွင်ပါဝင်သူများ၏ အခြေခံမူခိုင်မာသည့် အနာနစ်ခံစတေးမှုများက နွေဦးတော်လှန်ရေးကို ဆက်လက်ထောက်မနေဆဲ ဖြစ်သည်။ သို့သော် အလွန်ကြီးမားသော လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ခြိမ်းခြောက်မှုနှင့် အခြားအခက်အခဲများ အတွင်း အဆုံးသတ် မရှိသော သပိတ်တစ်ခုကို နဂိုလူအင်အားအတိုင်း ဆက်လက်ဖော်ဆောင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။ လူအများအပြားမှာ CDM တွင် ဆက်လက်ပါဝင်နေသေးသော်လည်း အချို့မှာ လုံခြုံရေးနှင့် ငွေရေးကြေးရေး အခက်အခဲများကြောင့် စစ်အုပ်စုထိန်းချုပ်ထားသော လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရသည်။ အများပြည်သူဝန်ဆောင်မှုကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသော်လည်း သတင်းအချက်အလက်များဖလှယ်ပေးခြင်း၊ အလုပ်၌အချိန်ဆွဲခြင်း သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာ ထည့်ဝင်ကူညီခြင်း စသည့်နည်းလမ်းများဖြင့် တစ်နည်းမဟုတ်တစ်နည်း ၎င်းတို့တတ်နိုင်သည့်ဘက်မှ တော်လှန်ရေးတွင် ပါဝင်လုပ်ဆောင်နေသူ များစွာရှိကြောင်းကို မြန်မာသုတေသနအဖွဲ့တစ်ခု ဖြစ်သည့် Nyan Lynn Thit Analytica က မကြာသေးမီက ထုတ်ပြန်ထားသော CDM နှင့်ပတ်သက်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။[101] အဆိုပါ ဝန်ထမ်းများသည် CDM လှုပ်ရှားမှုအပေါ် ၎င်းတို့၏ ထောက်ပံ့ကူညီမှုနှင့် ၎င်းတို့မိသားစုဖူလုံမှုအကြား ဟန်ချက်ညီစေရန် ကြိုးစားနေရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ရုန်းကန်ရမှုနှင့် အပြစ်ရှိသကဲ့သို့သော ခံစားချက်အပြင် ခုခံတော်လှန်ရေး လုပ်ငန်းစဉ်တွင် လူမှုရေးဖိအားများကို ရင်ဆိုင်နေရကြောင်း Nyan Lynn Thit Analytica ၏ သုတေသနက ဖော်ပြထားသည်။[102] တစ်ခါတစ်ရံတွင် အချို့သူများအတွက် ၎င်းတို့၏ မိသားစုဝင်များ လိုအပ်မှုရှိနေချိန်တွင် ဝင်ငွေတစ်စုံတရာမရှိဘဲ ရှေ့ဆက်ရန်မှာ ဘဏ္ဍာရေးဆိုင်ရာဖိအားက အလွန်ပင် ကြီးလေးသောကိစ္စဖြစ်သည်။ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို မည်သို့ပံ့ပိုးဆောင်ရွက်ရမည်ဆိုသည့်ကိစ္စ အပါအဝင် ၎င်းတို့နှင့် ၎င်းတို့၏ သားသမီးများ အနာဂတ်တွင် ဘာဖြစ်မည်ဆိုသော ကိစ္စရပ်များသည် CDM တွင်ပါဝင်သူများအတွက် ရေရာသေချာမှုမရှိဘဲ ဖြစ်နေသည်။ ၎င်းတို့သည် လုံခြုံမှုမရှိခြင်း၊ အကန့်အသတ်ရှိသော ပုံမှန်ဘဏ္ဍာငွေအထောက်အပံ့၊ ဝင်ငွေမရှိခြင်းနှင့် အခြားသော အစားထိုးလမ်းကြောင်းမရှိသည့် အခြေအနေတွင် အကျပ်ရိုက် ပိတ်မိနေကြသည်။ မကြာခဏဆိုသလိုပင် မိသားစုနှင့်လည်း ခွဲနေကြရသည်။ NUG နှင့် တစ်သီးပုဂ္ဂလ အလှူရှင်များထံမှ ရရှိသော ရန်ပုံငွေများက လူအချို့ကို ကူညီနိုင်သော်လည်း ဝင်ငွေနှင့် နေအိမ် ဆုံးရှုံးခဲ့ရသော အကြမ်းမဖက် အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှုတစ်ရပ်အတွင်း ပါဝင်နေသည့် သိန်းနှင့်ချီသော ပြည်သူ့ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် ၎င်းတို့အတွက် အမှန်တကယ် ပံ့ပိုးကူညီပေးနိုင်သော ပမာဏမှာ အဆမတန် ကွာဟနေသည်။ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အကူအညီများ ကင်းမဲ့နေမှုအပေါ် အောက်ပါအတိုင်း ထုတ်ဖော်ပြောပြသည်။

101 'Revealing the Voices of Civil Disobedience Movement.' *Nyan Lynn Thit Analytica.* 1(2). November 2022. Available at: https://drive.google.com/file/d/1A5Axvy6hl1z1nSu51kpSNtAO820Xvdqr/view

102 *Ibid.*

*“တကယ်လို့များ အကြမ်းမဖက်တဲ့ လှုပ်ရှားမှုတွေကို အားပေးတယ်ဆိုရင် သူတို့ [နိုင်ငံတကာအသိုင်းအဝိုင်း] အနေနဲ့ CDM တွေကို ကူညီထောက်ပံ့ ပေးသင့်တယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ဆန္ဒပြတဲ့ လှုပ်ရှားမှုတွေကို ကူညီထောက်ပံ့ပေးဖို့ ပျက်ကွက်ခဲ့တာကြောင့် ဒီလက်နက်ကိုင်တော်လှန်ရေး ရှိလာရတာ ဖြစ်တယ်။ တကယ်လို့များ နိုင်ငံတကာအသိုင်းအဝိုင်းကသာ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ တော်လှန်ရေးပန်းတိုင်၊ အပြောင်းအလဲနဲ့ ဒီမိုကရေစီကို အောင်အောင်မြင်မြင်နဲ့ ရရှိအောင် ထောက်ပံ့ကူညီပေးမယ့် အနေအထားမှာ ရှိနေတယ်ဆိုရင် CDM လှုပ်ရှားမှုကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုကူညီထောက်ပံ့မှုတွေ ပေးသင့်လဲဆိုတာနဲ့ CDM လှုပ်ရှားမှုမှာ လိုအပ်တဲ့ ရင်းမြစ်တွေကို ဘယ်လိုထောက်ပံ့နိုင်မလဲ ဆိုတာကို တွေးသင့်ပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့လှုပ်ရှားအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ တုံ့ပြန်တဲ့ပုံက မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဒါမှမဟုတ် ပြောင်းပြန် ဖြစ်နေတယ်။[103]”*

အချို့သော နိုင်ငံတကာအလှူရှင်များ အထူးသဖြင့် သံရုံးများနှင့် အစိုးရချင်း ကူညီပေးသည့် အလှူရှင်များသည် CDM တွင်ပါဝင်သူများအတွက် ရန်ပုံငွေထောက်ပံ့ပေးရန် တွန့်ဆုတ်နေကြကြောင်း တွေ့ဆုံမေးမြန်းမှုကို ဖြေကြားသူ အထူးသဖြင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများ သို့မဟုတ် HRD များနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများက ထုတ်ဖော်ပြောဆိုကြသည်။ ဤသို့ဖြစ်ရခြင်းမှာ CDM ကို နိုင်ငံရေးနှင့် နွယ်သည်ဟု ရှုမြင်သောကြောင့် သို့မဟုတ် လက်နက်ကိုင် တော်လှန်ရေးဘက်သို့ ငွေကြေးရောက်ရှိသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်ဟု ယူဆသည်။ အာဏာလုယူရေး ကြိုးပမ်းမှု မတိုင်ခင်က သဘာဝသယံဇာတထုတ်ယူမှု စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်ပတ်သက်၍ လူငယ်များနှင့်အတူ လုပ်ဆောင်ခဲ့သည့် HRD တစ်ဦးက “အလှူရှင်တွေက CDM တွေကို မထောက်ပံ့နိုင်ဘူးဆိုတာ ကြားရတော့ တကယ်စိတ်ပျက်မိတယ်။ စစ်အုပ်စုကို အကြမ်းမဖက်တဲ့ နည်းလမ်းနဲ့ တိုက်ပွဲဝင်နေတဲ့သူတွေကို မထောက်ပံ့ဘူးဆိုရင် သူတို့ ဘာလုပ်ကြမှာလဲ။” ဟု စိတ်ပျက်စွာဖြင့် ဆိုသည်။[104]

CDM လှုပ်ရှားမှုအတွက် ပုံမှန်အထောက်အပံ့များ မရှိသည့်အတွက် ပြည်သူများမှာ စစ်အုပ်စုနှင့် မပူးပေါင်းမဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်နိုင်ရန် ရုန်းကန်ရခြင်း သို့မဟုတ် လက်လျှော့ပြီး စစ်အုပ်စုအောက်တွင် လုပ်ငန်းခွင်ပြန်ဝင်ရခြင်း၊ သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးတွင် ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံသစ်တစ်ရပ်ကို တည်ဆောက်ရန် တိုင်းရင်းသားဒေသများနှင့် လွတ်မြောက်နယ်မြေများတွင် နေထိုင်ပြီး အကျပ်အတည်းများဖြေရှင်းရာ၌ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးကို လက်လွတ်ကာ တတိယနိုင်ငံတစ်ခုသို့ လျှောက်ထား၍ အခြေချနေထိုင်ခြင်း စသည်တို့ထဲမှ တစ်ခုခုကို ရွေးချယ်လုပ်ဆောင်ကြရသည်။ ထို့ကြောင့် နွေဦးတော်လှန်ရေး၏ လက်နက်မကိုင်သည့် ခုခံတော်လှန်ရေးမဏ္ဍိုင်ဖြစ်သော CDM ကို နိုင်ငံတကာမှ အလေးပေးရမည်ဖြစ်သည့်အပြင် ဖက်ဒရယ်ဒီမိုကရေစီ အောင်နိုင်ရေးအတွက် တိုက်ပွဲဝင်ရာတွင် မပါမဖြစ်သော ၎င်းတို့၏ အရေးပါမှုကို အသိအမှတ်ပြုရမည် ဖြစ်သည်။

103 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

104 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

# ၇ CDM တွင်ပါဝင်သူများသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပံ့ပိုးကူညီပေးရမည့် HRD များဖြစ်ခြင်း

CDM ၏ မရှိမဖြစ် ရန်ပုံငွေလိုအပ်ချက်များအရ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက် ပံ့ပိုးကူညီလိုသော နိုင်ငံတကာအသိုင်းအဝိုင်းမှ မဟာမိတ်များအနေဖြင့် နိုင်ငံတကာ အသိအမှတ်ပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ CDM တွင်ပါဝင်သူများကို HRD များအဖြစ် ရှုမြင်ခြင်းအားဖြင့် နွေဦးတော်လှန်ရေးအပေါ် ၎င်းတို့၏ထောက်ခံမှုကို ပြန်လည်သုံးသပ်ပေးရန် လိုအပ်သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း အပိုဒ် ၁ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> *လူတိုင်းတွင် တစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် ပူပေါင်း၍ဖြစ်စေ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် တိုးတက်မြင့်မားစေရန် လုပ်ဆောင်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် အကောင်အထည်ဖော်ဆောင်ခွင့် ရှိသည်။*[105]

၎င်းအချက်ကို လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်ပေးရန်နှင့် လက်တွေ့ကျင့်သုံးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည့် CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသော တစ်သီးပုဂ္ဂလများနှင့် စုပေါင်းလှုပ်ရှားမှုတစ်ခုလုံး၏ လုပ်ရပ်များနှင့် တစ်ထပ်တည်းကျနေသည်။ ယခုအစီရင်ခံစာ၏ သုတေသနနည်းနာ အစိတ်အပိုင်းအဖြစ် HRD များ၊ CDM တွင်ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများက ဖော်ပြသည်မှာ ၎င်းတို့အကြား ဆက်နွယ်မှုရှိကြပြီး အခွင့်အရေးနှင့် ဒီမိုကရေစီကို စုပေါင်းကာကွယ်ရာတွင် အပြန်အလှန် အချင်းချင်းရိုင်းပင်းပံ့ပိုးပေးမှုများ ရှိသည်ကို တွေ့ရသည်။ ထို့အပြင် နိုင်ငံတကာမှအလှူရှင်များ လိုလိုလားလား ပံ့ပိုးပေးလေ့ရှိသည့် HRD များနှင့် အချို့သောအလှူရှင်များ ထောက်ပံ့ရန် တွန့်ဆုတ်နေသည့် CDM တွင်ပါဝင်သူတို့အကြား ပိုင်းခြားထားသောမျဉ်းမှာ ဝေဝါးနေပြီး ပြည်သူများကိုယ်တိုင်ကလည်း ၎င်းတို့၏ ဝိသေသလက္ခဏာ ခံယူမှုတွင် တစ်ခုထက်ပိုသည့် ရှုပ်ထွေးမှုများ ရှိသည်။ ဥပမာအားဖြင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများဖြင့် ဖွဲ့စည်းထားသော လူသိများသည့် အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသော ကျောင်းသူတစ်ဦးက ၎င်း၏ အဖွဲ့အစည်း အလုပ်များမှတစ်ဆင့် HRD များ၏ လုပ်ငန်းများကို ပံ့ပိုးပေးနေသည့်တစ်ချိန်တည်းတွင်ပင် CDM လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တက္ကသိုလ်ပညာရေးကို မတက်ရောက်တော့ဘဲ ရပ်တန့်ခဲ့သည်။ ထိုအဖွဲ့အစည်းသည် အခြားသော CSO များနှင့် HRD များကဲ့သို့ပင် CDM တွင်ပါဝင်သူများအတွက် ခိုလှုံရာနေရာများ၊ လုံခြုံသော ဆက်သွယ်ရေးနှင့် ခရီးသွားလာရေးတို့အတွက် ကူညီပံ့ပိုးမှုများကို လုပ်ဆောင်ပေးနေသော အဖွဲ့ဖြစ်သည်။

CDM လှုပ်ရှားမှု၏ ကနဦးနေ့ရက်များနှင့် ဆန္ဒပြပွဲများတွင် အသံတိတ်သပိတ်များကဲ့သို့သော ဆန္ဒပြလှုပ်ရှားမှုများကို ကြေညာရန် ဆိုရှယ်မီဒီယာကို အသုံးပြုခဲ့ကြသကဲ့သို့ ဆက်လက်၍လည်း အသုံးပြုနေကြဆဲ အရေးကြီးနည်း

105 UN Declaration on Declaration on the Right and Responsibility of Individuals, Groups and Organs of Society to Promote and Protect Universally Recognized Human Rights and Fundamental Freedoms (The UN Declaration on Human Rights Defenders). A/RES/53/144. 8 March 1999.
Available at: https://www.ohchr.org/sites/default/files/Documents/Issues/Defenders/Declaration/declaration.pdf

လမ်းတစ်ခုဖြစ်ပြီး အသံတိတ်သပိတ်ကိုလည်း ဆက်လက်လုပ်ဆောင်နေကြဆဲ ဖြစ်သည်။ HRD များနှင့် တက်ကြွလှုပ်ရှားသူများသည် ထိုသို့သော ကိစ္စရပ်များအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် အတွေ့အကြုံရှိကြပြီး နိုင်ငံတစ်ဝန်းလွှမ်းခြုံသော ကွန်ရက်များရှိသကဲ့သို့ ကြီးမားသော follower အင်အားလည်းရှိသည့် လူမှုမီဒီယာများကို အသုံးပြု၍ ဆန္ဒပြပွဲများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေလျက်ရှိကြသည်။[106] လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ CSO များနှင့် HRD များကလည်း ရန်ပုံငွေရှာဖွေခြင်း၊ အလှူငွေများကို လုံခြုံသောနည်းလမ်းများဖြင့် စုဆောင်းခြင်း၊ ၎င်းတို့၏ ကွန်ရက်များမှတစ်ဆင့် ထိုရန်ပုံငွေများကို ပေးဝေခြင်းနှင့် အခြေခံလိုအပ်ချက်များကို ပံ့ပိုးကူညီပေးခြင်းတို့အားဖြင့် ငွေကြေးအရ ထောက်ပံ့ကူညီမှုများလည်း ရှိနေသည်။ အဖွဲ့အစည်းအများအပြားက ဤလုပ်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ စီစဉ်ဆောင်ရွက်နိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်နိုင်ရန် လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်များ ချမှတ်လာကြသည်။[107] ဆေးဘက်ဆိုင်ရာ အကူအညီများကို လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း (Community-based organizations – CBO) များကလည်း ပံ့ပိုးပေးနေသည်။ CBO အဖွဲ့တစ်ခု၏ တိုင်းရင်းသားအမျိုးသမီး ကိုယ်စားလှယ်တစ်ဦးက CDM တွင်ပါဝင်သူအမျိုးသမီးများအတွက် သို့မဟုတ် ခင်ပွန်းဖြစ်သူက CDM တွင်ပါဝင်ထားသော အမျိုးသမီးများ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မီးဖွားပြီးခါစ မိခင်များအတွက် ဆေးခန်းပြသရန် ကုန်ကျစရိတ်ကဲ့သို့သော ပံ့ပိုးကူညီမှုများကို လုပ်ဆောင်ပေးနေကြောင်း ထုတ်ဖော်ပြောပြသည်။[108] နောက်တစ်ယောက်ကလည်း မြန်မာနိုင်ငံအရှေ့တောင်ဘက်ပိုင်းဒေသတွင် ကလေးမီးဖွားစရိတ်ကို အချိန်ကာလကြာမြင့်စွာ တည်ရှိလာခဲ့သော တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းတစ်ခုက ပံ့ပိုးပေးနေကြောင်းကို ထုတ်ဖော်ပြောပြသည်။[109] CDM များအတွက် ခိုလှုံရာနေရာများ၊ အရေးပေါ် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် အွန်လိုင်းလုံခြုံရေးသင်တန်းများကို HRD များနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှသာမက CDM တွင်ပါဝင်သူများ ကိုယ်တိုင်ကလည်း ကူညီပံ့ပိုးပေးနေလျက်ရှိသည်။ ဤအခြေအနေကိုကြည့်ခြင်းအားဖြင့် CDM တွင်ပါဝင်သူများသည် အကျိုးခံစားသူ သက်သက်မဟုတ်ဘဲ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် HRD များ၏ လုပ်ငန်းတာဝန်များတွင် အစီအစဉ်များ၏ အစိတ်အပိုင်းအနေဖြင့် တက်ကြွစွာလုပ်ဆောင်နေသော အပြောင်းအလဲဖော်ဆောင်သူများလည်း ဖြစ်ပေသည်။

သမားရိုးကျ HRD များသည် နှစ်ရှည်လများ စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အတွေ့အကြုံများ ရှိကြပြီး CDM လှုပ်ရှားမှု၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်စရာကိစ္စရပ်များနှင့် မြေပြင်အခြေအနေမှန်များကို နိုင်ငံအပြင်ဘက်သို့ သတင်းပေးပို့နိုင်ရန် ကူညီလုပ်ဆောင်နေကြသည်။ ၎င်းတို့သည် မြန်မာစစ်အုပ်စုက ကျူးလွန်နေသော နှိပ်စက်ညှဉ်းပန်းမှုနှင့် ရက်စက်ကြမ်းကြုတ်မှုများ စသည့် မှတ်တမ်းများကို ကောက်ယူစုစည်းကာ ပိုမိုကျယ်ပြန့်သော နိုင်ငံတကာပရိသတ်ထံတင်ပြပြီး ကမ္ဘာက မေ့နေပုံရသည့် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို မီးမောင်းထိုးဖော်ပြနိုင်ရန် လုပ်ဆောင်နေကြသည်။[110] ထို့အပြင် CDM တွင်ပါဝင်သူ များ၏ အရေးအတွက်၊ လိုအပ်ချက်နှင့် အခြေအနေများဆိုင်ရာ မှတ်တမ်းနှင့် အချက်အလက်များကိုလည်း သိမ်းဆည်းပေးသည်။ ၎င်းတို့ကိုယ်တိုင်က ပစ်မှတ်ထားခံနေရသည်ဖြစ်၍ ၎င်းတို့၏အလုပ်များသည် အလွန်ပင်အန္တရာယ်များလှသော်လည်း CDM လှုပ်ရှားမှု၏ အခြေအနေကို မီးမောင်းထိုးဖော်ပြရသော ၎င်းတို့၏ အခန်းကဏ္ဍသည် နွေဦးတော်လှန်ရေး၏ အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့် အပြန်အလှန်ဆက်သွယ်မှုနှင့် အပြန်အလှန်မှီခိုမှုကို သက်သေပြနေသည်။

---

106 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် သြဂုတ်လ။

107 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

108 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

109 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

110 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

CDM များကို ပံ့ပိုးကူညီသည့်နေရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း အလေးထားဖော်ပြရန် အရေးကြီးသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့နယ်များနှင့် မြို့ကြီးများမှ CDM တွင်ပါဝင်သူများ ထွက်ပြေးတိမ်းရှောင်ရသည့်အခါ KNU ၏ ထိန်းချုပ်နယ်မြေအများအပြားရှိသည့် မြန်မာနိုင်ငံအရှေ့တောင်ဘက်ကဲ့သို့သော နယ်စပ်ဒေသများသို့ တိမ်းရှောင်ကြသည်။ ဤသို့ဖြင့် CDM တွင်ပါဝင်သူများသည် စစ်အုပ်စု၏ နှိပ်စက်ညှဉ်းပန်းမှုနှင့် အကြမ်းဖက်မှုများကြောင့် ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာကြရပြီး ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ (internally displaced persons – IDPs) ဖြစ်လာကြသည်။ နိုင်ငံရေးလှုံ့ဆော်မှုကြောင့် နေအိမ်များမှ အတင်းအဓမ္မနှင်ထုတ်ခြင်းခံရသည့် အဆိုပါ IDP များသည် တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်းများစွာ ဖြစ်ပွားနေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ရှိနှင့်နေပြီးသား သိန်းနှင့်ချီသော စစ်ဘေးရှောင်ပြည်သူများနှင့်အတူ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လက်လှမ်းမီ ရရှိနိုင်ရန် ထောက်ပံ့ကူညီမှုများ လိုအပ်နေသည်။

KNU ကဲ့သို့သော ERO များက CDM တွင်ပါဝင်သူများနှင့် စစ်အုပ်စု၏ အကြမ်းဖက်မှုမှ ထွက်ပြေးတိမ်းရှောင်လာကြသူများကို ပွင့်ပွင့်လင်းလင်း ကြိုဆိုနေခဲ့ပြီး ဖြစ်သည်။[111] ဥပမာအားဖြင့် အာဏာသိမ်းရန်ကြိုးပမ်းမှု တစ်လအတွင်းမှာပင် CDM တွင်ပါဝင်သူများအတွက် ခိုလှုံရာနေရာများစီစဉ်ပေးပြီး ရောက်ရှိလာသူများကို လက်ခံပေးသည့် စင်တာများကို KNU ခရိုင် ခုနှစ်ခုလုံးတွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း KNU မှ ထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။[112] ၎င်းတို့ကို ခိုလှုံခွင့် ပေးရုံသာမက နေထိုင်ရန်နေရာ၊ အတိုင်းအတာတစ်ခုအထိ လုံခြုံမှုနှင့် ၎င်းတို့၏ ခုခံတော်လှန်မှုကို ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ဇာတိမွေးရပ်မြေများနှင့် အဆက်အသွယ်မပြတ်စေရန် လိုအပ်သော အရင်းအမြစ်တချို့ကို ပံ့ပိုးပေးရာတွင် တိုင်းရင်းသား အရပ်ဘက်လူထုအဖွဲ့အစည်းများသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်။ ထို့ကြောင့်သာ ၎င်းတို့အနေဖြင့် လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်နိုင်နေခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ်က ကချင်၊ မွန်၊ ကရင်နီနှင့် ကရင်ပြည်နယ်များရှိ လွတ်မြောက်နယ်မြေများသို့ ထွက်ပြေးဝင်ရောက်ခဲ့သော ကျောင်းသူ၊ ကျောင်းသားများကဲ့သို့ ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာခဲ့ကြရသော CDM တွင်ပါဝင်သူများသည် ကျန်းမာရေး၊ ပညာရေးနှင့် ဝင်ငွေရရှိရေး အပါအဝင် အစီအစဉ်အမျိုးမျိုးကို ဖန်တီးဖော်ဆောင်နေသည့် အချိန်ကာလကြာမြင့်စွာကတည်းက ရှိနှင့်နေသော တိုင်းရင်းသားနှင့် နယ်စပ်အခြေစိုက် CBO၊ CSO များ၏ အကူအညီဖြင့် ၎င်းတို့၏ အကြမ်းမဖက် ခုခံတွန်းလှန်မှုကို ဆက်လက်လုပ်ဆောင်နိုင်ကြသည်။ စစ်အုပ်စုက တိုင်းရင်းသားဒေသများအပေါ် ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ ပြည်သူများအပါအဝင် ထွက်ပြေးတိမ်းရှောင်လာသော CDM တွင်ပါဝင်သူများအတွက် တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ခိုလှုံရာနေရာ၊ အစားအသောက်နှင့် အရေးပေါ်ရွှေ့ပြောင်းမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်း၍ အဆိုပါ CBO နှင့် CSO များသည် အသက်ကယ်ရေးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် အလွန်ပင်အရေးပါသည်။ အဆိုပါအဖွဲ့အစည်းများသည် KNU အာဏာပိုင်များကဲ့သို့ ဒေသခံအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ၎င်းတို့အကြား ဆက်သွယ်ချိတ်ဆက်မှုကို အကောင်းဆုံးအသုံးချ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပြီး ဒေသခံတိုင်းရင်းသား လူမျိုးစုများဖြစ်စေ၊ ထွက်ပြေးတိမ်းရှောင်လာသော CDM တွင်ပါဝင်သူများ ဖြစ်စေ၊ ထိုနေရပ်စွန့်ခွာထွက်ပြေးလာခဲ့ရသူများအတွက် အရေးပေါ် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်

111 'KNU Principles of Current Situation.' *KNU.* 3 September 2021. Available at: https://www.facebook.com/Doothahtu/photos/a.112872243644424/364927725105540?_rdc=1&_rdr

112 'KNU Offer Anti-Coup Protestors its Protection – Karen Civil Society Alliance Calls for Ethnic Armed Groups to Unite and Foreign Embassies Denounce Military Coup,' *Karen News*. 16 February 2021. Available at: https://karennews.org/2021/02/knu-offer-anti-coup-protestors-its-protection-karen-civil-society-alliance-calls-for-ethnic-armed-groups-to-unite-and-foreign-embassies-denounce-military-coup/ and 'Military Atrocities and Civilian Resistance: Testimonies of injustice, insecurity and violence in Southeast Myanmar under the 2021 Coup.' *Karen Human Rights Group.* November 2021. Available at: https://www.khrg.org/sites/khrg.org/files/report-docs/thematic-english.pdf

အတွက် ရန်ပုံငွေပေးပို့ရေးကို လုပ်ဆောင်နိုင်သည်။ ထွက်ပြေးတိမ်းရှောင်လာသော CDM တွင်ပါဝင်သူများ၊ HRD များ၊ CSO များနှင့် တက်ကြွလှုပ်ရှားသူများအတွက် ထွက်ပြေးတိမ်းရှောင်သည့်နေရာမှာ မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတစ်ခုတည်း မဟုတ်ဘဲ ချင်းပြည်နယ်အပါအဝင် အိန္ဒိယနှင့်နယ်စပ်ချင်းထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက်အပါအဝင် အနောက်မြောက်ပိုင်းဒေသများလည်း ပါဝင်သည်။

နိုင်ငံရပ်ခြားတွင် ရောက်ရှိနေကြသော မြန်မာပြည်သူများ တစ်ဦးတစ်ယောက်ချင်းဆီထံမှ အလှူငွေများအပြင် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်း အသိုင်းအဝိုင်းများနှင့် တစ်သီးပုဂ္ဂလများ သို့မဟုတ် NGO များ၊ ဖောင်ဒေးရှင်းများနှင့် ပရဟိတအဖွဲ့များထံမှ အကူအညီများက ထောက်ပံ့ပေးနေသည့်တိုင် စစ်အုပ်စု၏ အကြမ်းဖက်မှုကြောင့် ဖြစ်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ရာတွင် ရင်းမြစ်များမှာ လုံလောက်မှု မရှိပေ။ နိုင်ငံတကာအစိုးရများနှင့် ရန်ပုံငွေထောက်ပံ့ရေးအေဂျင်စီ သို့မဟုတ် ကုလသမဂ္ဂတို့ထံမှ ပုံမှန်ရန်ပုံငွေလမ်းကြောင်းများသည် ရောက်လာခြင်း မရှိဘဲ HRD များနှင့် CSO များက CDM များကို ထောက်ပံ့နိုင်သည့်အကူအညီမှာ လိုအပ်ချက်နှင့်နှိုင်းဆလျှင် အချိုးအစား ညီမျှမှု မရှိဘဲ ဖြစ်နေသည်။[113]

နိုင်ငံတကာအလှူရှင်များအနေဖြင့် CDM တွင်ပါဝင်သူများကို မြန်မာပြည်သူများ၏ အခြေခံရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ကာကွယ်၊ မြှင့်တင်ပေးနေသည့် HRD များအဖြစ် ဆက်ဆံခြင်းအားဖြင့် CDM အား အသိအမှတ်ပြု ထောက်ပံ့ရမည်ကို ဤအချက်က ထောက်ပြနေသည်။ ယင်းသို့ထောက်ပံ့ရန် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှတစ်ဆင့် အကူအညီလိုအပ်နေသူများထံ အကူအညီများ ပံ့ပိုးပေးခြင်းသည် အထိရောက်ဆုံးနည်းလမ်း ဖြစ်သည့်အတွက် နယ်စပ်မှတစ်ဆင့် လုပ်ဆောင်နိုင်သည်။ နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများဟု ဆိုရာတွင် မြန်မာနိုင်ငံဒေသ အများအပြားတွင် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုဒဏ်ကို ခံစားနေရသည့် CDM တွင်ပါဝင်သူများ၊ နှင့် CDM တွင်ပါဝင်သူများနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများကို ကူညီပေးနေသော အစုအဖွဲ့များထံ အကူအညီများပေးပို့ခြင်းကို ဆိုလိုသည်။ ယင်းကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် မဟုတ်သည့်တိုင် ဒေသခံကွန်ရက်များကို အသုံးပြုပြီး ချက်ချင်းအလုပ်ဖြစ်သော၊ ထိရောက်သော နည်းလမ်းများကို အသုံးပြုပြီး ပေးပို့နိုင်သည်။ ယင်းသည် ပြည်သူမှပြည်သူသို့ သွေးစည်းညီညွတ်သော ချဉ်းကပ်မှုတစ်ခု ဖြစ်သည်။ ထို့အပြင် ဤနည်းလမ်းများသည် ပြီးခဲ့သော နှစ်နှစ်အတွင်းတွင် တိုင်းရင်းသားနယ်စပ်ဒေသများအား ကျော်လွန်၍ မြန်မာနိုင်ငံအတွင်းပိုင်းရှိ ဒေသအသီးသီးသို့ အကူအညီများကို အဖြစ်နိုင်ဆုံးနှင့် အထိရောက်ဆုံး ပေးပို့နိုင်ခဲ့သည်ကို စမ်းသပ်လုပ်ဆောင်ပြီး သက်သေပြနိုင်ခဲ့ပြီး ဖြစ်သည်။

CDM တွင်ပါဝင်သူများကို HRD များအဖြစ် အသိအမှတ်ပြုသကဲ့သို့ ထိုအတိုင်း ဆက်ဆံသင့်သည့် တစ်ချိန်တည်းတွင် နိုင်ငံတကာမှ ၎င်းတို့၏ ချဉ်းကပ်မှုများတွင် သတိထားရမည့် နောက်ထပ်သော အခြေအနေတစ်ခု ရှိနေသည်။ အကူအညီပေးရေး အစီအစဉ်များနှင့် ဘဏ္ဍာရေးအကူအညီများသည် “မည်သူမျှ ထိခိုက်နစ်နာမှုမရှိစေရေး” အခြေခံမူများနှင့် ကိုက်ညီမှုရှိစေရန်အတွက် စစ်အုပ်စုထံမှ ခွင့်ပြုချက်တောင်းပြီး ပြန်လည်အစီရင်ခံတင်ပြရသည့် စစ်အုပ်စု၏ ဦးစီးဌာန၊ အေဂျင်စီ သို့မဟုတ် အစုအဖွဲ့များထံမှတစ်ဆင့် ပေးပို့ခြင်းကို မလုပ်ဆောင်သင့်ပါ။ အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ အကြမ်းဖက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်ပတ်သက်၍ ရွှေ့ပြောင်းအသံအဖွဲ့က ထုတ်ပြန်ခဲ့သော “*ခြောက်သွေ့ဒေသ မီးတိုက်ခံရခြင်း*” ဟူသော အစီရင်ခံစာတွင် စစ်အုပ်စုနှင့် ၎င်း၏လက်ဝေခံများသည် “နိုင်ငံရေးနှင့် ဗျူဟာတွင် အသာစီးရရန်အတွက် အကူအညီပစ္စည်းများကို ပိတ်ဆို့ခြင်း၊ သိမ်းယူခြင်း၊ ဖျက်ဆီးခြင်းနှင့် အကူအညီပေးဝေရေးအား အလွဲသုံးစား အမြတ်ထုတ်ခြင်းတို့ကို ထပ်မံတလဲလဲလုပ်ဆောင်နေလျက်” ရှိသကဲ့သို့ “ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းနှင့် အကူအညီများ

113 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

ကို သိမ်းဆည်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများနှင့် ကျန်းမာရေးလုပ်သားများကိုလည်း အဆက်မပြတ် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။" မီးမောင်းထိုးဖော်ပြထားသည်။[114] IDP များဖြစ်လာခဲ့ရသော CDM တွင်ပါဝင်သူများ အပါအဝင် အကူအညီများ လိုအပ်နေသည့် အသိုင်းအဝိုင်းများထံသို့ စစ်အုပ်စုမှတစ်ဆင့် အကူအညီများကို အနှောင့်အယှက်မရှိ ပို့ဆောင်ရန် မဖြစ်နိုင်သည်မှာ ရှင်းလင်းလှသည့်အပြင် အဆိုပါအသိုင်းအဝိုင်းထံသို့ အနည်းငယ်သော အကူအညီများကသာ ရောက်ရှိမည်ဖြစ်သဖြင့် ထိရောက်မှုလည်း ရှိမည်မဟုတ်ပေ။

ထို့အပြင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် စစ်အုပ်စုမှရရှိမည့် အသာစီးရမှုက စစ်အုပ်စုနှင့် တရားဝင် ထိတွေ့ဆက်ဆံရေးတိုင်းကို ထိခိုက်စေရုံသာမက ကျင့်ဝတ်သိက္ခာမဲ့သော လုပ်ရပ်လည်းဖြစ်သည့်အပြင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နိုင်စေမည် ဖြစ်သည်။ ဤအခြေအနေအောက်တွင် အခြားလုပ်ဆောင်ရန်နည်းလမ်းမှာ ဗဟိုချုပ်ကိုင်မှုမရှိသည့် အသေးစား အကူအညီပေးရေးကွန်ရက်များကို ထောက်ပံ့ပေးရန်ဖြစ်ပြီး CDM တွင်ပါဝင်သူများဖြင့် စီမံလည်ပတ်နေသော အဖွဲ့အစည်းများ အပါအဝင် ဒေသခံပြည်သူများ၏ အဖွဲ့အစည်းများက အကူအညီများကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့အလုပ်အပေါ် သက်ဝင်မြှုပ်နှံမှု၊ ကျွမ်းကျင်မှုနှင့် လူမှုအသိုင်းအဝိုင်းများ၏ ယုံကြည်မှုကို ရရှိထားခြင်းတို့အပြင် အကူအညီများရောက်ရှိစေရန် ပေးပို့နိုင်သည့် ယုံကြည်ဖွယ်ရာမှတ်တမ်းများလည်း ရှိနေပြီးသူများ ဖြစ်သည်။ သို့သော် လစ်ဟာနေသောအရာမှာ လုံလောက်သော ရင်းမြစ်များအပြင် နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများထံမှ နိုင်ငံရေးစိတ်ဆန္ဒနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် လက်တွေ့ကျသော အကူအညီများ ဖြစ်သည်။ ထိုအထဲအတွင် တင်းကျပ်သည့် အစီရင်ခံတင်ပြမှုဆိုင်ရာ လိုအပ်ချက်များ ဥပမာအားဖြင့် ပဋိပက္ခဒေသကို ဖြတ်ကျော်လုပ်ဆောင်ရသည့် သယ်ယူပို့ဆောင်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် ကုန်ကျစရိတ် သုံးစောင်ထားရှိရမည်ဆိုသော အဓိပ္ပာယ်မရှိသည့် တောင်းဆိုချက်မျိုးကို အချို့အလှူရှင်များက အမှန်တကယ် ကျင့်သုံးနေဆဲဖြစ်သောကြောင့် ယင်းကို အလှူရှင်များအနေဖြင့် ဖြေလျှော့ပေးရန် လိုအပ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အကောင်အထည်ဖော်ရာနှင့် ပေးပို့ဖြန့်ဝေရာတွင် ဒေသခံဝန်ဆောင်မှုပေးသူများက အကောင်းဆုံးလုပ်နိုင်ကြသူများဖြစ်သည်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။ တိုင်းရင်းသား CSO ကိုယ်စားလှယ်တစ်ဦးက ပြောပြသည်မှာ –

> *[အကူအညီလိုအပ်နေတဲ့] ပြည်သူတွေအတွက် ကြီးကြီးမားမား အကူအညီတွေကို သိုသိုသိပ်သိပ်နဲ့ အခုအချိန်ထိ လုပ်ဆောင်နေသူတွေ အများကြီးရှိပါတယ်။ ဒါက တစ်ကြိမ်တစ်ခါတည်း လုပ်ရတာမျိုး မဟုတ်ဘဲ အကြိမ်ကြိမ်အခါခါ လုပ်ရတာမျိုးပါ။ ခက်ခဲတဲ့ **procurement** မူဝါဒနဲ့ အစီရင်ခံမှုလုပ်ငန်းစဉ်တွေကို ခက်ခဲအောင် မလုပ်ထားဘူးဆိုရင် ပြည်သူတွေကနေပြီး အကူအညီတွေကို ပို့ဆောင်လို့ရတဲ့ နည်းလမ်းတွေ ရှိပါတယ်။ နယ်စပ်ဖြတ်ကျော်ဆိုတိုင်း နိုင်ငံနယ်စပ်အတွက်ပဲ လုပ်လို့ရတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး၊ ပြည်တွင်းက တိုင်းရင်းသားနယ်မြေအတွင်းပိုင်းတွေအထိကိုလည်း ပို့လို့ရပါတယ်။[115]*

114 'Setting the Tinderbox Alight - The Humanitarian Crisis in Myanmar's Dryzone.' *Progressive Voice.* 31 August 2022. Available at: https://progressivevoicemyanmar.org/2022/08/31/setting-the-tinderbox-alight-the-humanitarian-crisis-in-myanmars-dry-zone/

115 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

CDM တွင်ပါဝင်သူများသည် HRD များဖြစ်သကဲ့သို့ ပုံမှန်လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် HRD များသည်လည်း CDM ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၎င်းတို့သည် အချင်းချင်း အမှီသဟဲပြုနေသကဲ့သို့ ၎င်းတို့၏တူညီသော ရည်မှန်းချက် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံ ဖြစ်ပေါ်လာရေးကို စုပေါင်းဖော်ဆောင်ရန်အတွက် တစ်ဦး၏အလုပ်ကို တစ်ဦးက ကူညီဖြည့်ဆည်းပေးနေကြသည်။ ၎င်းတို့သည် ပံ့ပိုးကူညီခြင်း၊ ကူညီထောက်ပံ့ခြင်းနှင့် ကွန်ရက်ချိတ်ဆက်ခြင်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေကြသည်။ “HRD တွေဟာ ဒီလှုပ်ရှားမှုရဲ့ အဓိကကျတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ HRD တွေဟာ ရှေ့တန်းမှာ ရှိချင်မှရှိလိမ့်မယ်၊ ဒါပေမယ့် [ဒီလှုပ်ရှားမှုရဲ့]နောက်မှာ အရမ်းအရေးကြီးတဲ့ ကူညီပံ့ပိုးရေးကဏ္ဍမှာ ရှိနေပါတယ်။ စစ်အုပ်စုက ဒါကို ကောင်းကောင်းနားလည်တယ်။ အဲဒါကြောင့်လည်း HRD တွေကို ပစ်မှတ်ထားနေတာ။” ဟု တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောသည်။[116] ထို့အပြင် HRD များ၊ CSO များနှင့် အခြားသော ပြည်တွင်းကွန်ရက်များနှင့် အဖွဲ့အစည်းများက CDM လှုပ်ရှားမှုနှင့် စစ်အုပ်စု၏ အကြမ်းဖက်မှုများ ကြုံတွေ့ရင်ဆိုင်နေရသူများကို ၎င်းတို့အတတ်နိုင်ဆုံး ကူညီပံ့ပိုးမှုများ လုပ်ဆောင်ပေးနေသော်လည်း CDM တွင်ပါဝင်သူများသည် နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းများထံမှ အထောက်အပံ့ပစ္စည်းများနှင့် လက်တွေ့ကျသော ကူညီပံ့ပိုးများကို မရရှိကြပေ။ သို့သော် ၎င်းတို့သည် နိုင်ငံတကာအလှူရှင်များ တစ်ခုတည်းအပေါ်တွင်သာ မှီခိုနေခြင်း မဟုတ်ပါ။ “ကျမတို့က မိုးပေါ်က ကျလာတဲ့ရေကို စောင့်မနေဘူး။ ရေရဖို့အတွက် ကိုယ်ကိုယ်တိုင် ရေတွင်းတူးနေကြတာပါ။ နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် မှီခိုအားထားတာထက် ကိုယ်တွေအချင်းချင်းအပေါ်ပဲ မှီခိုချင်ပါတယ်။” ဟု CDM တွင်ပါဝင်သူတစ်ဦးက ပြောသည်။[117] သို့ရာတွင် ၎င်းက နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အကူအညီများ ရရှိမည်ဆိုပါက ရပ်တန့်မည့် အရိပ်အယောင်မတွေ့ရဘဲ လိုအပ်သည်ထက် ပို၍ ရှည်ကြာနေမည့် စစ်အုပ်စု၏ အကြမ်းဖက်ရေးလှုပ်ရှားမှုများကို ပို၍မြန်ဆန်စွာ အနိုင်ယူနိုင်လိမ့်မည်ဟု ဆက်ပြောသည်။

ဤနေရာတွင် ဆွေးနွေးလိုသည့်အချက်မှာ CDM တွင်ပါဝင်သူများသည် HRD များဖြစ်ကြပြီး ၎င်းတို့သည် အရေးပေါ်အထောက်အပံ့ကူညီမှုများ လိုအပ်နေသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း အပိုဒ် ၅ တွင် –

*လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန်အတွက် လူတိုင်းသည် နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်တို့တွင် တစ်ဦးချင်းဖြစ်စေ အများနှင့်စုပေါင်း၍ဖြစ်စေ –*

*(က) ငြိမ်းချမ်းစွာ တွေ့ဆုံခွင့်နှင့် စုဝေးခွင့်၊*

*(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် အုပ်စုများကို ဖွဲ့စည်းခွင့်၊ ပူးပေါင်းပါဝင်ခွင့်နှင့် ပါဝင်လှုပ်ရှားခွင့်၊*

*(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အစိုးရများကြား ဆက်စပ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်ခွင့် ရှိသည်။[118]*

CDM တွင်ပါဝင်သူများသည် အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း မြန်မာပြည်သူများ၏ အခြေခံရပိုင်ခွင့်များအတွက် ကြိုးစားအားထုတ်နေကြပြီး ငြိမ်းချမ်းစွာ တွေ့ဆုံခြင်းနှင့် စုဝေးခြင်း၊ အစုအဖွဲ့များ သို့မဟုတ်

---

116 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

117 HRD တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

118 UN Declaration on Declaration on the Right and Responsibility of Individuals, Groups and Organs of Society to Promote and Protect Universally Recognized Human Rights and Fundamental Freedoms (The UN Declaration on Human Rights Defenders). A/RES/53/144 8 March 1999.
Available at: https://www.ohchr.org/sites/default/files/Documents/Issues/Defenders/Declaration/declaration.pdf

အသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ နှင့် မြန်မာပြည်သူများ၏ အတိဒုက္ခကို ပြင်ပကမ္ဘာနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ကြိုးစား လုပ်ဆောင်နေလျက်ရှိသည်။ ထို့အပြင် ၎င်းတို့တွင် လိုအပ်ချက်များ၊ အထောက်အပံ့ပစ္စည်းများ၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း စသည်တို့အတွက် နိုင်ငံတကာမှ အထောက်အပံ့များကို လမ်းကြောင်းချိတ်ဆက်ပေးနိုင်သည့် ကျွမ်းကျင်မှု၊ လုပ်ဆောင်နိုင်စွမ်းရည်၊ ကွန်ရက်များနှင့် အတွေ့အကြုံများလည်း ရှိနေသည်။ ထို့ကြောင့် ၎င်းတို့၏ လိုအပ်ချက်၊ စွမ်းဆောင်နိုင်ရည်နှင့် အခန်းကဏ္ဍများအရ CDM တွင်ပါဝင်သူများကို HRD များနည်းတူ အသိအမှတ်ပြု၊ ဆက်ဆံ၊ ထောက်ပံ့ပေးရမည် ဖြစ်သည်။

## ၈ နိဂုံး

ဤအစီရင်ခံစာတွင် CDM လှုပ်ရှားမှု ပေါ်ပေါက်လာပုံ၊ နှစ်နှစ်တာအချိန်ကာလအတွင်း တစိုက်မတ်မတ် လုပ်ဆောင်နေခဲ့သည့် အကြမ်းဖက်မှုစစ်ဆင်ရေးများ ရှိနေသည့်တိုင် စစ်အုပ်စု၏ အာဏာလုယူရေးကြိုးပမ်းမှု အထ မမြောက်စေရန် အောင်မြင်စွာ ကာကွယ်တားဆီးနိုင်မှု၊ နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာဖိအားနှင့် လုံခြုံရေးတို့ အပြင် CDM လှုပ်ရှားမှုတွင် ရင်ဆိုင်ကြုံတွေ့ကြရသည့် စိန်ခေါ်မှုများကို အကျဉ်းချုံး ဖော်ပြထားသည်။ ထို့အပြင် CDM ၏ ဆင့်ကဲပြောင်းလဲမှု၊ ခုခံတော်လှန်မှု၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် NUCC တို့ကို အာဏာ ဖီဆန်ရေးလူထုလှုပ်ရှားမှုက မည်သို့ ထောက်ပံ့ပေးထားပုံ၊ နှင့် မြန်မာနိုင်ငံသစ်တည်ဆောက်ရာတွင် CDM လှုပ်ရှားမှု က မည်သို့ပါဝင်နေပုံတို့ကိုလည်း ဖော်ပြထားသည်။ CDM တွင်ပါဝင်သူတစ်ဦးက ၎င်းနှင့်တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် “လူတိုင်းက သူတို့တွေရဲ့ လက်ထက်မှာ ပြီးဆုံးအောင် မလုပ်နိုင်ရင်တောင်မှ သူတို့တွေရဲ့ နောက်မျိုးဆက်လူငယ်တွေ အတွက် လွတ်လပ်မှုကို ရရှိခံစားနိုင်ဖို့အတွက် အဆုံးထိ တိုက်ပွဲဝင်သွားဖို့ စိတ်ပိုင်းဖြတ်ထားကြတာ ဖြစ်တယ်။” ဟု ပြောသည်။[119]

ဤအစီရင်ခံစာတွင် နိုင်ငံတကာအသိုင်းအဝိုင်းက CDM တွင်ပါဝင်သူများကို လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းနှင့်အညီ HRD များအဖြစ် အသိအမှတ်ပြု ဆက်ဆံရန် လိုအပ် ကြောင်းအပြင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် CDM လှုပ်ရှားမှုကို မည်ကဲ့သို့ ကူညီနိုင်မည်ကိုလည်း ဖော်ပြ ထားသည်။ CDM ကွန်ရက်များအပြင် တိုင်းရင်းသားအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် CSO များ က တရားမဝင် ရက်စက်ကြမ်းကြုတ်လှသော စစ်အုပ်စု၏ တိုက်ခိုက်မှုအောက်ရှိ ပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ထောက်ပံ့ကူညီပေးနိုင်သည့် စွမ်းဆောင် ရည်နှင့် ကွန်ရက်များ ရှိသည်။ ကမ္ဘာပေါ်တွင် အကြမ်းအဖက်ဆုံး အဖွဲ့အစည်းတစ်ခုကို ဖြိုချမည့် ဖက်ဒရယ်ဒီမိုကရေစီ စနစ်အတွက် ခိုင်မာသော သိန္နိဋ္ဌာန်းချထားသည့် မြန်မာပြည်သူတို့၏ တိုက်ပွဲအပေါ် နိုင်ငံတကာမှ လုံလောက်သော အကူအညီ ထောက်ပံ့ပေးမှုများ မရှိသည်ကို မြန်မာနိုင်ငံအတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အခိုင်အမာသိရှိနားလည် ထားကြသည်။ ရက်စက်ကြမ်းကြုတ်မှုများ ကြုံတွေ့နေရသည့်တိုင် စစ်အာဏာရှင်စနစ်ဆိုးကို အဆုံးသတ်ရန်အတွက် ရဲရဲဝံ့ဝံ့ ရုန်းကန်တိုက်ပွဲဝင်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေသော CDM လှုပ်ရှားမှုကို ကမ္ဘာကြီး အနေဖြင့် အသိအမှတ်ပြုရမည် ဖြစ်သကဲ့သို့ နိုင်ငံရေးအရ အထောက်အပံ့ပစ္စည်းများဖြင့် ပံ့ပိုးကူညီပေးရမည် ဖြစ်သည်။

119 CDM တွင်ပါဝင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ။

# ၉ အကြံပြုတိုက်တွန်းချက်များ

## နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူရှင်များသို့

- မြန်မာစစ်အုပ်စု၏ တရားမဝင်သော ရက်စက်ကြမ်းကြုတ်သည့် အာဏာလုယူရေးကြိုးပမ်းမှု အထမမြောက်စေရေးကို တားဆီးရာတွင် ယခင်က တစ်ခါမျှမရှိခဲ့ဖူးသည့် CDM ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊
- မြန်မာနိုင်ငံတွင် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်လိုသည့် CDM လှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေးတို့၏ လိုအင်ဆန္ဒကို ပြတ်ပြတ်သားသား ထောက်ခံပံ့ပိုးရန်၊
- CDM တွင်ပါဝင်သူများကို လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းနှင့်အညီ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအဖြစ် အသိအမှတ် ပြုရန်၊
- မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ရာတွင် မြန်မာစစ်အုပ်စုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးတွဲဆောင်ရွက်မှု မပြုရန် သို့မဟုတ် ထောက်ပံ့ကူညီမှု မပြုရန်၊
- ဖက်ဒရယ်ဒီမိုကရက်စီမြန်မာနိုင်ငံအသစ် တည်ဆောက်ရာတွင် ၎င်းတို့၏လုပ်ငန်းများ ခိုင်မာအားကောင်းလာစေရေးအပြင် ကာကွယ်စောင့်ရှောက်မှုနှင့် အရေးပေါ်လိုအပ်ချက်များအတွက် ပြုလွယ်ပြင်လွယ်ဖြစ်သော ဘဏ္ဍာရေးထောက်ပံ့ကူညီမှုဖြင့် CDM တွင်ပါဝင်သူများ၏ လှုပ်ရှားမှုကို ထောက်ပံ့ပေးရန်။ ယင်းရန်ပုံငွေအကူအညီများကို NUG အပါအဝင် ၎င်းတို့ အသစ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ကွန်ရက်များသို့ တိုက်ရိုက် ကူညီပံ့ပိုးပေးခြင်း သို့မဟုတ် ယခင်ကတည်းက ရှိနှင့်ပြီးသား ဒေသခံအရပ်ဘက်လူထုအဖွဲ့အစည်းများ၊ တိုင်းရင်းသားဝန်ဆောင်မှုပေးသူများ၊ ERO များနှင့် HRD များ၏ ကွန်ရက်များမှတစ်ဆင့် ကူညီပံ့ပိုးပေးရန်၊
- မြန်မာနိုင်ငံအတွင်းနှင့် ပြင်ပရှိ CDM တွင်ပါဝင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာစေရေး အသက်မွေးဝမ်းကျောင်းပညာနှင့် စွမ်းဆောင်ရည်ဆိုင်ရာ သင်တန်းများကို ကူညီပံ့ပိုးပေးရန်၊
- ဒေသခံ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ HRD များ၏ ကွန်ရက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ NUG နှင့် ERO များ၏ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ လုပ်ဆောင်နေသည့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများကို တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်းအားဖြင့် မြေပြင်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ထိရောက်မှုရှိစွာဖြင့် တုံ့ပြန်လုပ်ဆောင်နိုင်ရန်အတွက် ပြုလွယ်ပြင်လွယ် ဖြစ်သော ရန်ပုံငွေများ တိုက်ရိုက်ကူညီပံ့ပိုးပေးရန်။ နယ်စပ်ဖြတ်ကျော်အကူအညီများသည် စမ်းသပ်လုပ်ဆောင်ခဲ့ပြီးသည့်အတိုင်း တိုင်းရင်းသားနယ်စပ်ဒေသများတွင်သာ ရပ်တန့်မနေဘဲ အကူအညီနှင့် ရန်ပုံငွေများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ CDM တွင်ပါဝင်သူများထံ ရောက်ရှိနိုင်မည်၊ နှင့်
- မှတ်ပုံတင်မထားသောသော အဖွဲ့အစည်းများအပါအဝင် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ဒေသခံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ အရေးပေါ်အခြေအနေများကို ထိရောက်စွာ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးကို အလေးထားလုပ်ဆောင်နိုင်ရန်အတွက် ရှုပ်ထွေးသော အစီရင်ခံမှုလုပ်ငန်းစဉ်လိုအပ်ချက်များကို ဖြေလျှော့ပေးရန်။

**ကုလသမဂ္ဂအေဂျင်စီများသို့**

- တရားမဝင် စစ်အုပ်စုကို တရားဝင်မှုပေးနေခြင်းများအား ချက်ချင်းရပ်တန့်ရန်အပါအဝင် မြန်မာနိုင်ငံတွင် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်လိုသည့် CDM လှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေးတို့၏ လိုအင်ဆန္ဒကို ပြတ်ပြတ်သားသား ထောက်ခံပံ့ပိုးရန်၊

- လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးပို့ရာတွင် မြန်မာစစ်အုပ်စုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပူးတွဲဆောင်ရွက်မှု မပြုရန် သို့မဟုတ် ထောက်ပံ့ကူညီမှု မပြုရန်၊

- နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတစ်ဆင့် အပါအဝင် ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ကျန်းမာရေးနှင့် ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများ လုပ်ဆောင်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကူညီပံ့ပိုးပေးရေးအတွက် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုင်းအဝိုင်းများအနေဖြင့် NUG၊ ERO များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာစေရေး တောင်းဆိုရန်၊ နှင့်

- လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မြန်မာနိုင်ငံအတွင်းသို့ ပို့ဆောင်ခွင့်ပြုရန်နှင့် စစ်အုပ်စု၏ အကြမ်းဖက်မှုမှ ထွက်ပြေးတိမ်းရှောင်လာသူများကို ကာကွယ်စောင့်ရှောက်မှု ပေးရန်အတွက် နယ်စပ်ချင်း ထိစပ်နေသော နိုင်ငံများ အထူးသဖြင့် ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများအား တောင်းဆိုပေးရန်။

**NUG၊ ERO များ၊ NUCC နှင့် ဒေသခံတိုင်းရင်းသားအုပ်ချုပ်ရေးနှင့် ကိုယ်စားပြုအဖွဲ့အစည်းများသို့**

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း လူ့အခွင့်အရေးကို ကာကွယ်ပေးရမည့် မြန်မာနိုင်ငံ၏ နိုင်ငံတကာတာဝန်ဝတ္တရားများနှင့်အညီ ဥပဒေများနှင့် မူဝါဒများကို ရေးဆွဲပြီး သေချာစွာ အကောင်အထည်ဖော်ဆောင်ရန်၊

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းနှင့်အညီ CDM တွင်ပါဝင်သူများကို အကာအကွယ်ပေးရန်အတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာကို စည်းရုံးလှုံ့ဆော်ရန်၊

- နွေဦးတော်လှန်ရေး၌ ဆက်လက်ပါဝင်နေသည့် CDM တွင်ပါဝင်သူများကို ၎င်းတို့၏ ထူးခြားလေးနက်သော ပါဝင်ဆောင်ရွက်မှုနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီရေးအတွက် ကြိုးစားရုန်းကန်မှုတို့ကို အသိအမှတ်ပြုသောအားဖြင့် သက်ဆိုင်ရာ CDM အစုအဖွဲ့များ၊ ကော်မတီများနှင့် ၎င်းတို့ဖွဲ့စည်းခဲ့သည့် အစုအဖွဲ့များမှတစ်ဆင့် အထောက်အပံ့ကူညီမှုများကို တိုးမြှင့်ပေးခြင်းနှင့် ရေရှည်တည်တံ့သော ကိုင်တွယ်ဖြေရှင်းရေးကို လုပ်ဆောင်ပေးရန်၊ နှင့်

- နိုင်ငံအတွင်းနှင့် ပြင်ပတို့တွင် NUG လက်အောက်၌ အလုပ် လုပ်ကိုင်နေသူများသာမက CDM တွင်ပါဝင်သူများ အတွက် အားလုံးလွှမ်းခြုံသော စွမ်းရည်မြှင့်တင်ပေးသည့် အစီအစဉ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအပါအဝင် CDM လှုပ်ရှားမှုကို တော်လှန်ရေး၏ အဓိကမဏ္ဍိုင်အဖြစ် ဆက်ရှိနိုင်ရန်အတွက် ခိုင်မာအားကောင်းစေမည့် အားလုံးလွှမ်းခြုံမှုရှိသော အစီအစဉ်တစ်ရပ် ရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရန်။



## ဆက်သွယ်ရန်လိပ်စာ


ရှေ့ပြေးအသံအဖွဲ့

http://www.progressivevoicemyanmar.org/

https://www.facebook.com/progressivevoice

@PVamplify

info@progressive-voice.org